# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ စနေနေ့ အတွဲ(၆၆)၊ အမှတ်(၁၁၀)


## မြန်မာ့ပေါ်ဆန်းဆန် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World’s Best Rice Award) ရရှိခြင်းအတွက် ဂုဏ်ပြုသဝဏ်လွှာ

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပသည့် International World Rice Conference 2026 ၌ မြန်မာနိုင်ငံ၏ အရည်အသွေးမြင့် ပေါ်ဆန်းဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World’s Best Rice Award) ကို ဒုတိယအကြိမ်မြောက် ထပ်မံဆွတ်ခူးရရှိခဲ့သည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။

ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ ဂုဏ်သိက္ခာရှိသော ဆုတံဆိပ်ကို ရရှိခြင်းသည် **“မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်”** ဆိုသည့် စကားရပ်နှင့်အညီ မြန်မာ့ဆန်၏ အရည်အသွေး၊ အနံ့အရသာနှင့် ထူးခြားကောင်းမွန်မှုတို့ကို ကမ္ဘာက အသိအမှတ်ပြုခြင်း ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားဂုဏ်ယူမှုကိုလည်း မြှင့်တင်ပေးနိုင်သည့် ထူးခြားသောအောင်မြင်မှုတစ်ရပ် ဖြစ်ပါသည်။

ဤအောင်မြင်မှုသည်မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်ကြသူများ၏ ဖွဲလုံ့လအသီးအပွင့်လည်း ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများ ကြည့်ရှုစစ်ဆေးစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၉

(၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




## မြန်မာ့ပေါ်ဆန်း ကမ္ဘာ့အကောင်းဆုံးဆန် (World's Best Rice Award 2026) ဆုရရှိ

၁။ အမေရိကန်ပြည်ထောင်စုအခြေစိုက် International Commodity Institute, The Rice Trader အဖွဲ့အစည်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသော International World Rice Conference 2026 တွင် နိုင်ငံတကာ ဆန်အမျိုးအစားများ ပါဝင်ပြသခဲ့ပြီး ဆန်အရည်အသွေးယှဉ်ပြိုင်ပွဲကို ကျင်းပခဲ့ရာ မြန်မာ့ပေါ်ဆန်းဆန်သည် World's Best Rice Award ဆု ချီးမြှင့်ခြင်းကို လက်ခံရရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပသော နိုင်ငံတကာဆန်စပါးညီလာခံနှင့် ဆန်အမျိုးအစားများပြပွဲနှင့် ယှဉ်ပြိုင်ပွဲတွင် မြန်မာပေါ်ဆန်းသည် ကမ္ဘာ့အကောင်းဆုံးဆန် (World's Best Rice Award) ကို လက်ခံရရှိခဲ့၍ ယခုရရှိမှုသည်

*စာမျက်နှာ ၄ ကော်လံ ၁* ✻

## ကျောက်ဖရုံသီး တစ်ကေ စိုက်ပျိုးပါက ကုန်ကျစရိတ်ထက် အမြတ်ငွေ နှစ်ဆနီးပါးခန့် ပြန်လည်ရရှိ

နေပြည်တော် အောက်တိုဘာ ၉

ပြည်တွင်း၌ ကျောက်ဖရုံသီး ဈေးကွက်ဝယ်လိုအား မြင့်တက်လာပြီး စိုက်ပျိုးထုတ်လုပ်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။ ပြည်တွင်းစိုက်ပျိုးရေးဈေးကွက်တွင် ရာသီမရွေး စိုက်ပျိုးဖြစ်ထွန်းသည့် ကျောက်ဖရုံသီးသည် စားသုံးသူဝယ်လိုအား ပုံမှန်ရှိနေသည့်အပြင် ခေါက်ဆွဲ၊ မုန့်လုပ်ငန်းများနှင့် ယိုကဲ့သို့သော အစားအသောက်ပြုပြင်

*စာမျက်နှာ ၃ ကော်လံ ၄* ✻

## မိတ္ထီလာခရိုင်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မိုးနှမ်းစိုက်ကေ သုံးသိန်းကျော်ရှိ

မိတ္ထီလာ အောက်တိုဘာ ၉

မိတ္ထီလာခရိုင်အတွင်း ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းကို မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် စိုက်ပျိုးကြပြီး မိတ္ထီလာခရိုင်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မိုးနှမ်းစိုက်ကေ ၃၂၆၇၈၅ ကေရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးနှမ်းကို မေလတွင် စိုက်ပျိုး၍ ဇူလိုင်လတွင် စတင်ထွက်ရှိပြီး ယခုနှစ် တစ်ကေကုန်ကျစရိတ်အနေဖြင့် မျိုး၊ မြေပြုပြင်ခြင်း၊ သွင်းအား၊

*စာမျက်နှာ ၃ ကော်လံ ၄* ❍

## ယနေ့ ဖတ်စရာ


ယုံကြည်လျှောက်လှမ်း လှမ်းတိုင်းတင့်၍ အောင်မြင်ခဲ့ပြီ မြန်မာ-မလေးရှားခရီးစဉ်
ဆောင်းပါး စာ ၆

“မြန်မာ့လက်ဖက်ယဉ်ကျေးမှု” ကို လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ဆက်လက်တင်သွင်းနိုင်ရေး ယူနက်စကိုသို့ အဆိုပြုလွှာပေးပို့ထား
ပြည်တွင်းသတင်း စာ ၁၂

❖ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ ကုန်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ရတနာပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြစဉ်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရတနာပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက် လာကြသူများသည် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတ က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်း အတွဲများကို လိုက်လံကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက် ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့သည်။ ယခုပြပွဲတွင် ပုလဲအတွဲများအတွက် ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး ငွေပေးချေမှုကို ပြည်ပရတနာ ကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့် လည်းကောင်း ပေးချေရမည်ဖြစ်ကြောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့် လည်းကောင်း ပေးချေသွားရမည်ဖြစ်ကြောင်း၊ ပုလဲအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြစ်ပြီး ကျောက်မျက်အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၅၀၀ ဖြစ်ကြောင်း၊ ကျောက်စိမ်းအချောထည် အတွဲများအတွက် အနိမ့်ဆုံး အခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် ကျောက်စိမ်း အရိုင်းအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၇၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၃၀၇၃ တွဲတို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ကာ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်းနှင့် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၇ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ပြသထားသော ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

❑ ရှေ့ဖုံးမှ

မြန်မာ့ဆန်၏ အရည်အသွေးကို ပိုမိုမြှင့်တင်ခြင်း၊ နိုင်ငံတကာဈေးကွက်များသို့ ပိုမိုထိုးဖောက်ဝင်ရောက်ခြင်းနှင့် တန်ဖိုးမြှင့်ဆန်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ခြင်းတို့မှတစ်ဆင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်ရေးတို့ကို ပိုမိုအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

ယခုကဲ့သို့ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုကို ဖော်ဆောင်နိုင်ခဲ့ကြသည့် မြန်မာ့ဆန်စပါးကဏ္ဍမှ တောင်သူလယ်သမားများ၊ ဆန်စပါးထုတ်လုပ်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို အထူးချီးကျူးဂုဏ်ပြုအပ်ပါသည်။

မြန်မာ့ပေါ်ဆန်းဆန်၏ ကမ္ဘာ့အဆင့်မီ ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ကြပြီး မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ပိုမိုနေရာရရှိကာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဆက်လက်အထောက်အကူပြုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

⁜ ရှေ့ဖုံးမှ

မွမ်းမံသည့်လုပ်ငန်းများမှ ဝယ်လိုအား မြင့်တက်လာသောကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအကျိုးအမြတ်ဖြစ်ထွန်းလျက်ရှိသည်။

ကျောက်ဖရုံသီးသည် အခြားသီးနှံများနှင့် ယှဉ်လျှင်အချိန်တိုအတွင်း ရိတ်သိမ်းနိုင်ပြီး စိုက်ပျိုးစရိတ်သက်သာသည့် သီးနှံဖြစ်သည်။ ခူးဆွတ်ပြီးနောက် လပေါင်းများစွာ ကြာရှည်အထားခံသဖြင့် သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးတွင် ဆုံးရှုံးမှုနည်းပါးကြောင်း၊ အစားအသောက်စက်ရုံ၊ အလုပ်ရုံများက ပိသသာချိန်အမြောက်အမြား ပုံမှန်ဝယ်ယူကြကြောင်း သိရသည်။ ကျောက်ဖရုံသီးတွင် ရေဓာတ်ပါဝင်မှုမြင့်မားပြီး ဆီးရွှင်စေခြင်း၊ အပူကင်းစေခြင်းနှင့် အစာချေလွယ်ခြင်း တို့ကြောင့် လူတို့၏ကျန်းမာရေးကို များစွာ အကျိုးပြုကြောင်း၊ ကျောက်ဖရုံသီးကို အရွယ်အစားအလိုက် ရောင်းချကြသည်။ ကျောက်ဖရုံသီးတစ်ဧကစိုက်ပျိုးပါက ကုန်ကျစရိတ်ထက် အမြတ်ငွေနှစ်ဆနီးပါးခန့် ပြန်လည်ရရှိနိုင်သဖြင့် ရာသီမရွေး ဝင်ငွေရရှိရန်အတွက် တောင်သူများ ပိုမိုတိုးချဲ့ စိုက်ပျိုးလာကြကြောင်း သိရသည်။

**DOCA (ကရင်)**

❍ ရှေ့ဖုံးမှ

လုပ်သားခအပါအဝင် စုစုပေါင်း ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧက အထွက်နှုန်းအနေဖြင့် ရှစ်တင်းမှ ၁၀ တင်းအထိထွက်ရှိကြောင်း သိရသည်။

မိတ္ထီလာဈေးကွက်အတွင်း မြို့ပေါ်ပွဲရုံများ၌ တစ်ပတ်လျှင် အိတ်ရေ (၅၀၀–၈၀၀) ခန့် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ယခုရာသီပေါ်ချိန်တွင် ဒေသတွင်း ဆီကြိတ်စက်များ အပြင် မန္တလေးသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**DOCA(မန္တလေး)**

## ပြည်ထောင်စုဝန်ကြီး တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၆၉ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

**ပြည်ထောင်စုဝန်ကြီး တာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း အား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၇၀ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

**ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း အား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၇၁ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၅ တို့အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါက်တာမျိုးဝင်းအောင်

(၂) ဦးစောမျိုးမျိုး

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီးများအား တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၇၂ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

**ဒုတိယဝန်ကြီးများအား တာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ အောက်ပါဒုတိယဝန်ကြီးများအား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်-

(၁) ဒေါက်တာ ဇော်မြင့် — ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

(၂) ဒေါက်တာ အေးထွန်း — ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၇၃ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ**

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင် အား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

*✻ ရွှေဖုံးမှ*

ဒုတိယအကြိမ် ဖြစ်ပါသည်။ နိုင်ငံတော်၏ "မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်" ဆိုသော လမ်းညွှန်ဆောင်ပုဒ်နှင့်အညီ ယခုလို နိုင်ငံတကာအသိအမှတ်ပြုဆု ရရှိခြင်းအတွက် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၊ ပေါ်ဆန်းစိုက်ပျိုးသော တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုမ္ပဏီများနှင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်၍ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေမှုများကို ဂုဏ်ယူစွာ အသိအမှတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

၂။ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသော နိုင်ငံတကာ ဆန်စပါးညီလာခံနှင့် ဆက်စပ်ဆွေးနွေးပွဲများ၊ ပြပွဲများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်






တို့၏ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ဆန်ပို့ကုန်ကုမ္ပဏီများ၊ စုစုပေါင်းကိုယ်စားလှယ် ၅၅ ဦး ပါဝင် တက်ရောက်ခဲ့ပါသည်။ အသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင် အနေဖြင့် Myanmar Rice Outlook 2026 ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ပြီး မြန်မာ့ဆန်ပြခန်းကို ခင်းကျင်းပြသခဲ့ပါသည်။ ခရီးစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဆန် တိုးမြှင့်တင်ပို့နိုင်ရေး၊ မလေးရှားနိုင်ငံနှင့် အာဖရိကနိုင်ငံများသို့ ဆန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး ပါဝင်တက်ရောက်သော ကုမ္ပဏီများအနေဖြင့် အရောင်းအဝယ် စာချုပ်များ ချုပ်ဆိုနိုင်ရေး ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အနေဖြင့် နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာ့လယ်ယာထွက်ကုန် တန်းမြင့်ဆန်များကို ယခုဘဏ္ဍာနှစ် ၂၀၂၆-၂၀၂၇ တွင် တန်ချိန် (၃) သန်း ပို့ကုန်ရည်မှန်းချက်ထားပြီး အဆိုပါရည်မှန်းချက်ကို ပြည့်မီကျော်လွန်စေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## ရွှေတန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရွှေတန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရွှေတန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရွှေတန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရွှေတန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း (နေပြည်တော်) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းတာဝန်ခံ ဆရာမ ဒေါ်ဝါဝါမြင့် ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် လွှတ်တော်၏ဖွဲ့စည်းပုံနှင့် ပြည်သူတစ်ဦးချင်းစီက ဆန္ဒမဲပေး၍ လွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်နိုင်သည့်အခြေအနေများ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် လိုအပ်သည့်အရည်အချင်းများနှင့် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များ၊ လွှတ်တော်၏အဓိကတာဝန်များဖြစ်သည့် ဥပဒေပြုခြင်း၊ ပြည်သူကို ကိုယ်စားပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းကိစ္စရပ်များ၊ လွှတ်တော်တွင်ဖွဲ့စည်းထားရှိသည့် ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် လွှတ်တော်၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လွှတ်တော်တွင် လက်ရှိဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ လွှတ်တော်မှ နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များနှင့် အခြားသိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်၊ သတင်းထုတ်ပြန်ရေး အဖွဲ့ဝင်များက အသေးစိတ်ပြန်လည်ဖြေကြားသည်။ ဆက်လက်၍ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း (နေပြည်တော်) မှ ကျောင်းသား ကျောင်းသူများသည် လွှတ်တော်အဆောက်အအုံ(B) ဆောင်ရှိ သင်တန်းခန်းမ၌ လွှတ်တော်သရုပ်ပြအစည်းအဝေး(Mock Parliament) လေ့ကျင့်ဆောင်ရွက်မှုအစီအစဉ်အား စိတ်ပါဝင်စားစွာပါဝင်ဆောင်ရွက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တက်ရောက်လာကြသည့် စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း(နေပြည်တော်)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလှတင့်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလှဆွေ၊ ပြည်သူ့လွှတ်တော်၊ သတင်းထုတ်ပြန်ရေးအဖွဲ့၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာနန္ဒာလှမြင့်၊ ဦးသိန်းထွန်းဦး၊ ဒေါက်တာကျော်ဆွေ၊ ဦးကောင်းသက်စံ၊ ဒေါ်နန်းရီရီဝင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

# (၁၅၂) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

(၁၅၂) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရကျောင်းသားလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယနေ့ကျင်းပသည့် အခမ်းအနားသည် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union) ကို စတင်တည်ထောင်နိုင်ခဲ့သည့် အောက်တိုဘာ ၉ ရက်ကို ကမ္ဘာ့စာပို့တိုက်နေ့ အဖြစ်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့စာပို့တိုက်သမဂ္ဂနှင့် ကမ္ဘာတစ်ဝန်းရှိ စာပို့လုပ်ငန်းလုပ်ကိုင်သူများ၊ စာပို့ဝန်ထမ်းများအား ဂုဏ်ပြုသည့်အနေဖြင့် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုနှစ် (၁၅၂) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနားအတွက် ဆောင်ပုဒ်သည် **"ONE POSTAL NETWORK, INFINITE POSSIBILITIES" "တစ်ခုတည်းသော စာပို့ကွန်ရက်၊ အကန့်အသတ်မဲ့ အခွင့်အလမ်းများ"** ဖြစ်ပြီး စာပို့လုပ်ငန်းသည် လူတစ်ဦးချင်းစီ အချင်းချင်းချိတ်ဆက်ပေးခြင်းမှသည် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ပေးအပ်ခြင်းအထိ ကမ္ဘာတစ်ဝန်းရှိ အခွင့်အလမ်းသစ်များဆီသို့ တံခါးဖွင့်လှစ်ပေးလျက်ရှိသည်ကို ဆိုလိုပါကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၏ ရည်မှန်းချက်ဖြစ်သည့် "လူတိုင်းအတွက် မြန်မာ့စာတိုက် (Myanmar Post for Everyone)" ဟူသည့် ရည်မှန်းချက်နှင့်အညီ မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် စာပို့ကွန်ရက်ကို နည်းပညာအဆင့်မြှင့်တင်ပြီး လုပ်ငန်းသစ်များထပ်မံတိုးချဲ့ကာ ဝန်ဆောင်မှုအသစ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တွင်လည်း မြန်မာတစ်နိုင်ငံလုံးရှိ စာတိုက်ရုံးပေါင်း ၈၀၀ ကျော်ဖြင့် ဖြန့်ကြက်ချိတ်ဆက်ထားသည့် အကြီးမားဆုံးစာတိုက်ကွန်ရက်ကို အသုံးပြု၍ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုနိုင်မည့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေး ပိုမိုအားထုတ်ကြိုးပမ်းဆောင်ရွက်သွား စေလိုပါကြောင်း၊ စာပို့တိုက်လုပ်ငန်းများတွင် ဒီဂျစ်တယ်နည်းပညာများ ထိထိမိမိအသုံးပြု၍ ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲကာ နိုင်ငံတကာဈေးကွက်သို့ အောင်မြင်စွာ ချိတ်ဆက်နိုင်မည် ဖြစ်ကြောင်းနှင့် (၂၈) ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂညီလာခံမှ ချမှတ်ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှု နည်းဗျူဟာများ၊ သဘောတူညီချက်များနှင့် နိုင်ငံတကာမှ စာပို့တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နည်းပညာတိုးတက်မှု အခြေအနေများကို စာပို့တိုက်ကဏ္ဍကြီးကြပ်ဆောင်ရွက်သူ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းနှင့် စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူတို့မှ မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ စာပို့တိုက်ကဏ္ဍ ပိုမိုတိုးတက်လာနိုင်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



ထို့နောက် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ဌာနချုပ် ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ သဝဏ်လွှာ ဗီဒီယိုမှတ်တမ်းနှင့် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းများကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် (၅၅) ကြိမ်မြောက် အသက် (၉) နှစ်ပြည့်ပြီး အသက် (၁၅) နှစ်နှင့်အောက် နိုင်ငံတကာ လူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ၌ ပထမဆုရရှိသည့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ မပြုံးသက်ပိုင်ထွန်း၊ ဒုတိယဆုရရှိသည့် နေပြည်တော် ပျဉ်းမနားမြို့မှ မစုမြတ်နဒီ၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး (အနောက်) ပေါင်းတည်မြို့နယ်မှ မဖြိုးရတနာဇော်နှင့် အထူးဆုရရှိသည့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ မအေးယမုံသွယ်တို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က နိုင်ငံတကာ လူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) အတွက် အကဲဖြတ်ပေးကြသော အကဲဖြတ်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် (၁၅၂) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် ပြခန်းတွင် ခင်းကျင်းပြသထားသည့် စာပို့တိုက်လုပ်ငန်းများ ကာလအလိုက် အဆင့်ဆင့် တိုးတက်ပြောင်းလဲ လာခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာတမ်းများ၊ လုပ်ငန်းဆိုင်ရာပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ဦးခင်မောင်လတ်၊ ဦးထွန်းထွန်း၊ ဦးအောင်ဇေယျနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ပွဲတော်အတွင်း ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်နေကြသည့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းက ကျောင်းသားလူငယ်များအနေဖြင့် နေ့စဉ်စာဖတ်သည့် အလေ့အကျင့်မှတစ်ဆင့် သုတ၊ ရသ ပညာရပ်အစုံကို ဖတ်ရှုလေ့လာပြီး နိုင်ငံတော်က အားကိုးအားထားပြုရမည့် သားကောင်းရတနာများ ဖြစ်လာအောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက ဟောပြောပေးသည့် စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)အား ဂုဏ်ပြုလွှာကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ယုံကြည်လျှောက်လှမ်း လှမ်းတိုင်းတင့်၍ အောင်မြင်ခဲ့ပြီ မြန်မာ-မလေးရှားခရီးစဉ်

**ကေဇက်ဟိန်း (PPIB)**

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်ရဲ့ဖိတ်ကြားချက်အရ နိုင်ငံတော်အကြီးအကဲဟာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ မလေးရှားနိုင်ငံသို့ တရားဝင် (Official Visit) ခရီးစဉ်ကို စတင်ခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နိုင်ငံတော်သမ္မတ တာဝန် ယူချိန်ကနေ ယနေ့ထိဆိုလျှင် အိန္ဒိယ၊ တရုတ်၊ ရုရှား၊ ဘယ်လာရုစ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့ကို သွားရောက်ခဲ့ပြီး ယနေ့မလေးရှားနိုင်ငံခရီးစဉ်ဟာ ပြည်ပခရီးစဉ် ကိုးနိုင်ငံမြောက်ဖြစ်ပါတယ်။ အာဆီယံဒေသတွင်းဆိုလျှင် ၅ နိုင်ငံမြောက် ပြည်ပခရီးစဉ်အဖြစ်လည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

၇ လနီးပါးခန့် နိုင်ငံတော်သမ္မတသက်တမ်းမှာ အာရှ၊ ဥရောပ၊ အရှေ့တောင်အာရှနိုင်ငံအချို့အထိ State Visit, Official Visit ခရီးစဉ်များကို သွားရောက်ခဲ့ရင်း နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးရလဒ်ကောင်းများကို ကောင်းစွာ ဖော်ဆောင်နိုင်ခဲ့တာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံ့အရေးအတွက် ဆိုလျှင် ယုံကြည်စွာ မမိုတ်မသုန်လျှောက်လှမ်းနိုင်ခဲ့တဲ့ ခြေလှမ်းတိုင်းဟာ အောင်မြင်မှုများ ရရှိခဲ့တာကို ပြည်ပခရီးစဉ်များက သက်သေညွှန်းဆိုလျက်ရှိကြောင်း ကနဦးပြောပြလိုပါတယ်။

### မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံဆီသို့

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့မှာတော့ နိုင်ငံတော်အကြီးအကဲနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြတဲ့ ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဦးမြင့်ကြိုင်၊ ဦးမောင်မြင့်၊ ဦးထွန်းအုံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ တာဝန်ရှိသူတွေ လိုက်ပါလာခဲ့ကြပါတယ်။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့အတူ စာရေးသူလည်း ခရီးစဉ်မှာ လိုက်ပါခွင့်ရခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ နေပြည်တော်လေဆိပ်ကနေ နံနက်ပိုင်းမှာ စတင်ထွက်ခွာခဲ့ပါတယ်။ အဖြူရောင်တိမ်တိုက်များနဲ့ ပြာလဲ့နေသော ကောင်းကင်ထက်မှာ အထူးလေယာဉ်ဟာ တည်ငြိမ်စွာပျံသန်းလို့နေပါပြီ။ လေယာဉ်မှန်ပြတင်းတံခါးက ငေးကြည့်မိတိုင်း တိမ်ဖွေးဖွေးတို့ကလည်း အဖြူရောင်တိမ်လိပ်ကော်ဇောတစ်ချပ် ခင်းကျင်းထားသည့်ပမာ တွေ့မြင်ရသဖြင့် စိတ်ထဲအလိုလို ကြည်နူးနေမိပါတယ်။ တိမ်တိုက်များကြား ပျံသန်းရင်း ပါးလွှာတဲ့ တိမ်စိုင်များကြားက မလေးရှားနိုင်ငံ၏ နယ်နိမိတ်ပုံရိပ်များကို တစ်စတစ်စ မြင်တွေ့လာရပါပြီ။

ဒေသစံတော်ချိန်၁၂နာရီ မိနစ် ၃၀ ခန့်မှာတော့ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ မလေးရှားနိုင်ငံ၊



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ အောက်တိုဘာ ၈ ရက်က ဝန်ကြီးချုပ်ရုံးအဆောက်အအုံ၌ မလေးရှားနိုင်ငံ၏ အထင်ကရဖြစ်သည့် ပူထရာဇလီကျောင်းတော်အား နောက်ခံထား၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကွာလာလမ်ပူမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အောင်မြင်စွာရောက်ရှိခဲ့ပါတယ်။ လေဆိပ်ရောက်တဲ့အချိန်မှာတော့ မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ်ဂါနီဦးဆောင်တဲ့ အစိုးရအဖွဲ့ဝင်တွေ၊ မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနဲ့ တာဝန်ရှိသူတွေဟာ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြတာကိုလည်း တွေ့မြင်ရပါတယ်။

ကြိုဆိုနှုတ်ဆက်ရင်းမှာပဲ မလေးရှားနိုင်ငံဂုဏ်ပြုတပ်ဖွဲ့ကလည်း နိုင်ငံတော်အကြီးအကဲလျှောက်လှမ်းရာ ကော်ဇောနီရဲ့ တစ်ဖက်တစ်ချက်စီကနေ အလေးပြုပြီး ခရီးဦးကြိုပြုခဲ့ကြပါတယ်။ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လေဆိပ်ကတစ်ဆင့် အထူးယာဉ်တန်းနဲ့ ကွာလာလမ်ပူမြို့ရဲ့ တည်းခိုရာနေရာဆီကို ခရီးဆက်ခဲ့ကြပြန်ပါတယ်။

### မလေးရှားနိုင်ငံသမိုင်းအကျဉ်းနှင့် မြန်မာ-မလေးရှားနိုင်ငံဆက်ဆံရေးအခြေအနေ

နိုင်ငံတော်အကြီးအကဲနဲ့အတူ ပြည်ပခရီးစဉ်တွေ လိုက်ပါခွင့်ရတိုင်း စာဖတ်သူများကို ခရီးစဉ်အတွေ့အကြုံတွေ မျှဝေပေးချင်တာ စာရေးသူရဲ့စိတ်စေတနာပါ။ သွားခဲ့သမျှ ခရီးစဉ်တိုင်းမှာ မျှဝေပေးခဲ့သလို ယနေ့ မလေးရှားနိုင်ငံခရီးစဉ်မှာလည်း ခရီးသွားအတွေ့အကြုံလေးတွေကို မျှဝေပေးချင်ပါသေးတယ်။ ကနဦးအနေနဲ့ မလေးရှားနိုင်ငံရဲ့ သမိုင်းအကျဉ်းကို လေ့လာကြည့်ရအောင်ပါ။

မလေးရှားနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်ပါတယ်။ တောင်တရုတ်ပင်လယ်ဖြင့် ပိုင်းခြားထားတဲ့ နယ်မြေနှစ်ခုရှိပါတယ်။ နယ်မြေနှစ်ခုရဲ့ ထိစပ်မှုများအနေနဲ့ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နဲ့ ကုန်းရေ နှစ်သွယ်ထိစပ်နေပြီး ဖိလစ်ပိုင်နိုင်ငံနဲ့ ပင်လယ်ပြင်နယ်နိမိတ်တို့ အသီးသီးထိစပ်လျက်ရှိတာကို တွေ့ရှိရပါတယ်။နိုင်ငံရဲ့ မြို့တော်ကတော့ ကွာလာလမ်ပူမြို့ပဲဖြစ်ပါတယ်။

မလေးရှားနိုင်ငံအဖြစ် သတ်မှတ်ထားတဲ့ ဒေသမှာ ကျောက်ခေတ်ကာလကတည်းက လူသားများ နေထိုင်ခဲ့ကြတာကို Lenggong နှင့် Niah ဂူတွေမှာ တွေ့ရှိခဲ့တဲ့ ရှေးဟောင်းသုတေသနအထောက်အထားများက ညွှန်းဆိုထားပါတယ်။ မလေးရှားနိုင်ငံဟာ ၁၉၅၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှာ လွတ်လပ်ရေးရရှိခဲ့တဲ့ အာဆီယံဒေသတွင်းက နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

နိုင်ငံရဲ့ဖွဲ့စည်းတည်ဆောက်ပုံအရ ပြည်နယ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အောက်တိုဘာ ၇ ရက်က ကျင်းပသည့် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ၌ ဆွေးနွေးပြောကြားစဉ်။

၁၃ ခု၊ ပြည်ထောင်စုနယ်မြေ သုံးခုနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာကို တွေ့ရပါတယ်။ အုပ်ချုပ်ရေးအပိုင်းမှာတော့ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသန္တရအုပ်ချုပ်ရေးဆိုပြီး အုပ်ချုပ်ရေးအဆင့် သုံးဆင့်နဲ့ ဖွဲ့စည်းအုပ်ချုပ်ပါတယ်။ စာရေးသူတို့နိုင်ငံဟာ တိုင်းနဲ့ ပြည်နယ် ၁၄ ခု၊ ပြည်ထောင်စုနယ်မြေ တစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ/တိုင်းခြောက်ခုနဲ့ ဖွဲ့စည်းထားတာမို့ အုပ်ချုပ်ရေးအပိုင်းမှာ တူညီမှုတွေကိုလည်း တွေ့ရှိရပြန်ပါတယ်။

ဥပဒေပြုရေးကဏ္ဍမှာတော့ အောက်လွှတ်တော်၊ အထက်လွှတ်တော်ပါဝင်တဲ့ ပါလီမန်က ဆောင်ရွက်ပါတယ်။ တရားစီရင်ရေးမှာတော့ ပြည်ထောင်စုတရားရုံးဟာ အမြင့်ဆုံးဖြစ်ပြီး အစ္စလာမ်ဘာသာဝင်များအတွက် ပြည်နယ်အဆင့် ရှရီယာတရားရုံးများ ရှိကြောင်းလည်း လေ့လာသိရှိခဲ့ရပါတယ်။ ဒါကတော့ ပထဝီအနေအထား၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံနဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍများကို သိစေချင်တာမို့ အကျဉ်းချုံးလေး မျှဝေပေးတာဖြစ်ပါတယ်။ မြန်မာ-မလေးရှားနှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းကို အကျဉ်းမျှဆက်လေ့လာကြရအောင်ပါ။

နှစ်နိုင်ငံဆက်ဆံရေးဟာ ကိုလိုနီခေတ်မတိုင်မီကတည်းက မြန်မာနဲ့ မလေးကျွန်းဆွယ်တို့ကြားမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုကို အခြေခံခဲ့ကြောင်း သမိုင်းများက ဖော်ညွှန်းပါတယ်။ ကျွန်းသစ်၊ ဟင်းခတ်အမွှေးအကြိုင်၊ ဒေသထွက်ကုန်များ အပြန်အလှန် ကူးသန်းရောင်းဝယ်ခဲ့ပါတယ်။ ရှေးကုန်သွယ်မှုတွေ၊ ရေကြောင်းသွားလာမှုတွေကတစ်ဆင့် ကုန်စည်စီးဆင်းမှု၊ ယဉ်ကျေးမှုစတဲ့ ဆက်စပ်မှုများကတစ်ဆင့် နှစ်နိုင်ငံအတွက် ခေတ်သစ်ဆက်ဆံရေးသမိုင်းကို အခြေခံခဲ့တယ်လို့ ကနဦးဆိုရမှာပါပဲ။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကိုတော့ ၁၉၅၈ ခုနှစ် မတ်လ ၁ ရက်နေ့မှာ စတင်တည်ထောင်ခဲ့ပါတယ်။ စာရေးသူတို့နိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ မြန်မာ-မလေးရှား ဆက်ဆံရေးဟာ ကောင်းမွန်ခဲ့တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ကြုံတွေ့လာသမျှ အခြေအနေအရပ်ရပ်ကို ရင်ဆိုင်ကျော်လွှားရင်း နှစ်နိုင်ငံဆက်ဆံရေးအခွန့်ရှည်တည်တံ့ရေးကို မိတ်ဝတ်မပျက် တည်ဆောက်နိုင်ခဲ့တာ အတိတ်သမိုင်းကနေ မျက်မှောက်သမိုင်း၊ ဒီကတစ်ဆင့် ယနေ့နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်အထိပါပဲ။ အပြန်အလှန်ခရီးစဉ်သမိုင်းတွေကို ဆက်လေ့လာကြရအောင်ဗျာ။

နှစ်နိုင်ငံ အပြန်အလှန်ခရီးစဉ်များအရဆိုရင်တော့ မြန်မာနိုင်ငံကနေ မလေးရှားနိုင်ငံကို ၁၉၆၈ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရကာလ၊ ၁၉၉၆ ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရကာလ၊ ၂၀၀၄ ခုနှစ်နိုင်ငံတော်ဝန်ကြီးချုပ်ခရီးစဉ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ခရီးစဉ်အနေနဲ့ ၂၀၁၃ ခုနှစ်မှာ နှစ်ကြိမ်၊၂၀၁၅ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတခရီးစဉ်ဆိုပြီး ခုနစ်ကြိမ်မြောက် သွားလာခဲ့တာကို တွေ့ရှိရပါတယ်။ မလေးရှားနိုင်ငံအနေနဲ့ကတော့ မလေးရှားနိုင်ငံဒုတိယဝန်ကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးအကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီးစတဲ့ ခရီးစဉ်ပေါင်း ရှစ်ခုကို တွေ့ရှိရပါတယ်။ ဒီအထဲမှာမှ လက်ရှိနိုင်ငံတော်အကြီးအကဲအနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့စဉ်မှာ သုံးကြိမ် သွားရောက်ခဲ့ပါတယ်။ ယနေ့ နိုင်ငံတော်သမ္မတ တာဝန်ယူစဉ် တစ်ကြိမ်နဲ့ဆိုလျှင် နိုင်ငံတော်အကြီးအကဲရဲ့ လေးကြိမ်မြောက် မလေးရှားနိုင်ငံနဲ့ ထိတွေ့ဆက်ဆံနိုင်ခြင်းလို့ ဆိုရမှာပဲဖြစ်ပါတယ်။

တပ်မတော်နှစ်ရပ်ကြားမှာလည်း အာဆီယံမူဘောင်အောက်တစ်ခုမှာ ကျင်းပပြုလုပ်ကြတဲ့ စစ်ရေးဆိုင်ရာလေ့ကျင့်ရေးတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများရှိပါတယ်။ ဒ့ါအပြင် တပ်မတော်နှစ်ရပ်အကြား အခြားသော ဆက်ဆံရေးကောင်းများကိုလည်း တည်ဆောက်ထားလျက်ရှိပါတယ်။ နှစ်နိုင်ငံအကြား သဘောတူစာချုပ် ကိုးခု လက်မှတ်ရေးထိုးထားမှုတွေလည်းရှိပါတယ်။

- ❍ **နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုကို အရှိန်အဟုန်မြှင့်ရင်း ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်ဖို့လည်း လမ်းခင်းနိုင်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေ၊ အွန်လိုင်းလောင်းကစားတိုက်ဖျက်မှု လုပ်ငန်းစဉ်တွေကို ချပြခွင့်ရခဲ့**
- ❍ **မလေးရှားနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ဆန့်ကျင်ဘက်နေရာစုံကတစ်ဖက်သတ်မြင်နေရတဲ့ မြန်မာနိုင်ငံရဲ့အခြေအနေအမှားတွေ နေရာမှာလည်း မြန်မာနိုင်ငံရဲ့ ပကတိတရားဥပဒေစိုးမိုးမှုနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအပေါ် ကာကွယ်ပေးနိုင်မှုတွေကိုလည်း လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ခဲ့**

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

ဒီကဏ္ဍတွေကတော့ လေကြောင်းပျံသန်းမှုဆိုင်ရာ သဘောတူညီချက်၊ နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီချက်၊ စီးပွားရေးသိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုအာမခံချက် သဘောတူညီချက်၊ အခွန်နှစ်ထပ်ကောက်ခြင်းမှ ရှောင်ကြဉ်ရန်နှင့် ဝင်ငွေအပေါ် အခွန်ကောက်ခံရာတွင် အခွန်ရှောင်တိမ်းမှု ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန်ဥပဒေအကူအညီပေးရေးစာချုပ်၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ အာဆီယံနိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့် အစီအစဉ်၊ မလေးရှားနှင့် မြန်မာစီးပွားကုန်သည်ကြီးများအကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ပဲဖြစ်ပါတယ်။ ကဲ ခရီးစဉ်အကြောင်းလေး ဆက်ကြရအောင်ဗျာ။

**ကွာလာလမ်ပူမြို့၏ မြင်ကွင်းများ**

နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အထူးယာဉ်တန်းနဲ့ ကွာလာလမ်ပူမြို့ဆီသို့ ဦးတည်ခဲ့ပါတယ်။ ခရီးဆက်ခဲ့ရာ လမ်းတစ်လျှောက် ကွာလာလမ်ပူမြို့ရဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများကို တွေ့မြင်ခဲ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေစေရန်အတွက် ဆောက်လုပ်ထားတဲ့ မိုးမျှော်လမ်းများကိုလည်း တွေ့မြင်ခဲ့ရပြန်ပါတယ်။

လမ်းဘေးဘယ်ညာတစ်လျှောက် ကျယ်ပြောတဲ့ လွင်ပြင်ကြီးများကို တွေ့ရပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်များကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ အထူးယာဉ်တန်းနဲ့ ခရီးဆက်ခဲ့ရင်း မှိုင်းပြာပြာမြင်ကွင်းများကြားက ထပ်မြင့်မိုးမျှော်အဆောက်အအုံကြီးများကို အဝေးက မြင်တွေ့နေရပါပြီ။ ကွာလာလမ်ပူမြို့ပြဧရိယာထဲ ရောက်လုနီးပြီဆိုတာကို စာရေးသူသတိပြုမိပါတယ်။ မကြာမီ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ကွာလာလမ်ပူမြို့ပြဧရိယာထဲကို ရောက်ရှိခဲ့ပါပြီ။

မြို့ပြဧရိယာထဲကို ရောက်ရှိတာနဲ့ မိုးမျှော်လမ်းတွေ၊ မိုးမျှော်တံတားတွေနဲ့ မြို့ပြရဲ့ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရေးအတွက် စနစ်တကျခေတ်မီစွာ တည်ဆောက်ထားတာကို တွေ့မြင်ရပါတယ်။ ခရီးဆက်ရာ လမ်းဘေးဘယ်ညာတစ်လျှောက်မှာတော့ မြင့်မားတဲ့မိုးမျှော် အထပ်မြင့်အဆောက်အအုံကြီးများကိုလည်း များပြားစွာ တွေ့မြင်ရပါတယ်။ ကွာလာလမ်ပူမြို့ရဲ့ ခေတ်မီမှု၊စနစ်ကျနမှုများကို စာရေးသူ ငြိမ်သက်စွာငေးမောလေ့လာနေမိပါသေးတယ်။ သည်လိုနဲ့ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ တည်းခိုရာနေရာကို ရောက်ရှိခဲ့ပါတယ်။

**“Jalan U – Thant”**

ခရီးစဉ်ရဲ့ ပထမနေ့မှာပဲ စာရေးသူတွေ့ခဲ့တဲ့ မြင်ကွင်းလေးတစ်ခုကို ဆက်လက်မျှဝေပေးချင်ပါသေးတယ်။ ဒါကတော့ မြန်မာသံရုံးသွားတဲ့ ခရီးလေးတစ်ခုမှာပါ။ အဲဒီမှာ လမ်းနာမည်တစ်ခုကို တွေ့လိုက်ရပါတယ်။ “Jalan U – Thant” ဆိုတာပဲ ဖြစ်ပါတယ်။ အဲဒါနဲ့ စိတ်ဝင်စားလို့ လေ့လာကြည့်လိုက်တော့ ကုလသမဂ္ဂရဲ့ သုံးဦးမြောက်အတွင်းရေးမှူးချုပ်ဖြစ်တဲ့ မိမိတို့မြန်မာနိုင်ငံသား ဦးသန့်ကို ဂုဏ်ပြုပြီး မှည့်ခေါ်ထားတာလည်း ဖြစ်ပါတယ်။ မလေးရှား ဘာသာစကားမှာ Jalan ဆိုတာ “လမ်း” လို့ အဓိပ္ပာယ်ရပါတယ်။ ဦးသန့်လမ်းဟာ သံရုံးများအများစု အခြေစိုက်တဲ့ ကွာလာလမ်ပူမြို့၊ Ampang Hilir အရပ်၊ ဦးသန့်ဥယျာဉ်ရပ်ကွက် “Taman U–Thant” အတွင်းမှာ ရှိပြီးတော့ ဦးသန့်လမ်းဟာ သမိုင်းဝင်တဲ့နေရာတစ်ခုအဖြစ် ယနေ့ထက်တိုင် ခေါ်ဝေါ်သုံးစွဲပြီး ရှိနေတာကိုလည်း စာရေးသူတွေ့မြင်ခဲ့ရပါတယ်။ နိုင်ငံတကာသံရုံးတွေ၊ သံအမတ်ကြီးတွေရဲ့ နေအိမ်များတည်ရှိတဲ့ ဆိတ်ငြိမ်အေးချမ်းတဲ့ ရပ်ကွက်တစ်ခုအဖြစ် တွေ့မြင်ရပါတယ်။ သစ်ပင်ကြီးတွေ အုပ်ဆိုင်းပြီး သီးသန့်ဆန်တဲ့ အဆင့်မြင့်အဆောက်အအုံများ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်တို့ အောက်တိုဘာ ၈ ရက်က နှစ်နိုင်ငံ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ခရီးစဉ်ဆိုင်ရာများအား ပြောကြားစဉ်။

တည်ရှိရာနေရာလည်းဖြစ်ပါတယ်။ မိုးလေး တဖွဲဖွဲရွာနေရင်း ဖြတ်သန်းခဲ့ရတဲ့ ဦးသန့်လမ်းရှိရာ ရပ်ကွက်လေးဟာ စိတ်ငြိမ်ပြီး အေးချမ်းမှု အပြည့်အဝနဲ့ ထုံမွမ်းထားပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ဂုဏ်သိက္ခာဟာ ၎င်း၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များအပြင် ကမ္ဘာ့အကျိုးစီးပွားအတွက် တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံသားများရဲ့ အရည်အချင်းနဲ့ စွမ်းဆောင်မှုများမှလည်း ပေါ်ထွန်းလာကြောင်း ဦးသန့်ရဲ့ ဘဝဖြတ်သန်းမှုက သက်သေပြလျက်ရှိပါတယ်။ မြန်မာနိုင်ငံသား ဦးသန့် သို့တည်းမဟုတ် အာရှသားတစ်ဦးအဖြစ် ကမ္ဘာ့သံတမန်ရေးရာရဲ့ အရေးကြီး နေရာတစ်ခုမှာ တာဝန်ထမ်းဆောင်ရပ်တည်နိုင်ခဲ့တဲ့ ဦးသန့်ကို ဂုဏ်ပြုတဲ့ အနေနဲ့ မလေးရှားအစိုးရက ဂုဏ်ပြုပြီး တရားဝင်မှည့်ခေါ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ အခြားသော နိုင်ငံအချို့မှာလည်း ဦးသန့်နဲ့ပတ်သက်တဲ့ အမှတ်တရနေရာ တွေရှိနေသေးကြောင်း စာရေးသူလေ့လာသိရှိခဲ့ရပါတယ်။ ဒီလို အမှတ်တရနေရာများဟာ သမိုင်းအဆက်ဆက်မှာ မြန်မာနိုင်ငံအတွက်သာမက အာရှတစ်ခွင်လုံးအတွက်ပါဂုဏ်ယူဖွယ်သမိုင်းဝင် အမှတ်အသားအဖြစ် ကမ္ဘည်းသဖွယ်တည်ရှိနေဦးမှာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နှစ်ရက်တာ ခရီးစဉ်ရဲ့ လုပ်ဆောင်ချက်တွေကို ဆက်လက်လေ့လာကြရအောင်ပါ။

**နိုင်ငံတော်အကြီးအကဲ၏ တွေ့ဆုံပွဲများနှင့် ကဏ္ဍစုံဆွေးနွေးချက်များမှ မြင်ကွင်းများ**

နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ မြန်မာ–မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို တက်ရောက်ခြင်း၊ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအားတွေ့ဆုံအမှာစကားပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ အောက်တိုဘာလ ၈ ရက်နေ့မှာတော့ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်နှင့်တွေ့ဆုံခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်၍ မလေးရှား–မြန်မာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (Malaysia–Myanmar Cooperation Dialogue) သို့တက်ရောက်ခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

တွေ့ဆုံမှုအသီးသီးရဲ့ ရလဒ်တွေကို ကြည့်မယ်ဆိုရင် နိုင်ငံ့စီးပွားရေးတိုးတက်မှုဆိုင်ရာများကို ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုကို အရှိန်အဟုန်မြှင့်ရင်း ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်ဖို့လည်း လမ်းခင်းနိုင်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေ၊ အွန်လိုင်းလောင်းကစားတိုက်ဖျက်မှု လုပ်ငန်းစဉ်တွေကို ချပြခွင့်ရခဲ့တယ်။ ထူးခြားတာက မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ အွန်လိုင်းလောင်းကစားမှုတွေ ကျူးလွန်ရာနေရာများဟာ တိုင်းရင်းသား လက်နက်ကိုင်များနေရာဆိုပြီး တစ်ပါတည်းချပြနိုင်ခဲ့ပါသေးတယ်။ နိုင်ငံတော် အကြီးအကဲရဲ့ ပိုင်ဆိုင်ထားတဲ့ အချိန်အခါကောင်းမှာ နိုင်ငံတော်အစိုးရရဲ့လုပ်ဆောင်ချက် နိုင်ငံရဲ့ပကတိအမှန်တရားတွေကို ချပြနိုင်ခဲ့တဲ့ စွမ်းရည်ကောင်းတစ်ခုပမာ မြင်တွေ့ရတာပဲဖြစ်ပါတယ်။

မလေးရှားနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ဆန့်ကျင်ဘက်နေရာစုံက တစ်ဖက်သတ်မြင်နေရတဲ့ မြန်မာနိုင်ငံရဲ့အခြေအနေအမှားတွေ နေရာမှာလည်း မြန်မာနိုင်ငံရဲ့ ပကတိတရားဥပဒေစိုးမိုးမှုနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအပေါ် ကာကွယ်ပေးနိုင်မှုတွေကိုလည်း လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ခဲ့ပါသေးတယ်။ မျက်မြင်လာကြည့်ပြီး ပကတိအမြင်နဲ့ ပူးပေါင်းနိုင်မှုကို လက်တွေ့ကျကျ ဆောင်ရွက်ဖို့ လမ်းဖွင့်ပေးခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ဒါ့အပြင် မလေးရှားနိုင်ငံမှာ ပညာသင်ကြားနေကြတဲ့ မြန်မာနိုင်ငံသားများ၊ မလေးရှားနိုင်ငံရောက် မြန်မာ အလုပ်သမားများကိုလည်းနှစ်နိုင်ငံအကြား ဆက်ဆံမှုအပါအဝင် ဘက်ပေါင်းစုံကထောက်ရှုပြီး အကာအကွယ်ပေးဖို့ တိတိပပ ပြောကြားနိုင်ခဲ့ပါတယ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က ကျင်းပစဉ်။

ဒီခရီးစဉ်မှာ အထူးခြားဆုံးကတော့ ယခုလို မလေးရှားနိုင်ငံရဲ့ ဖိတ်ကြားချက်အပေါ် လက်တွေ့ကျတဲ့ (Official Visit)နဲ့ သက်သေပြနိုင်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကို သူတို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာရှိကြောင်း ထပ်ကာထပ်ကာ ပြောဆိုခဲ့ခြင်းဟာ မလေးရှားနိုင်ငံရဲ့ မိမိတို့နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံး အပေါ်ထားရှိတဲ့ သဘောထားကို တစ်နည်းတစ်ဖုံ ဖော်ညွှန်းနေတာလည်းဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ နှစ်ရက်တာ မလေးရှားနိုင်ငံခရီးစဉ်ဟာ အခြားသောခရီးစဉ်များနည်းတူ အောင်မြင်ခဲ့တဲ့ ခရီးစဉ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ဆိုရလျှင် အာဆီယံဒေသတွင်းထက်ဝက်ခန့်မှာ အောင်လံစိုက်ထူနိုင်ခဲ့ခြင်းအဖြစ်လည်း တွေ့မြင်ရမှာပဲဖြစ်ပါတယ်။

**မလေးရှားနိုင်ငံမှသည် မြန်မာနိုင်ငံဆီသို့**

နှစ်ရက်တာခရီးစဉ်ဟာ ပြီးမြောက်အောင်မြင်ခဲ့ပါပြီ။ ကြည်လင်ရှင်းသန့်တဲ့ ကွာလာလမ်ပူမြို့ရဲ့ ရာသီသဘာဝကလည်း ခရီးစဉ်အောင်မြင်မှုကို ပံ့ပိုးဖော်ညွှန်းထားသလိုပါပဲ။ ခင်းကျင်းထားသည့် ကော်ဇောနီ လျှောက်လမ်းထက်မှာ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ တည်ငြိမ်စွာ လျှောက်လှမ်းရင်း အထူးလေယာဉ်ဆီသို့ ဦးတည်လို့နေပါပြီ။ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲကို နှုတ်ဆက်ဂုဏ်ပြုကြသလို နိုင်ငံတော်အကြီးအကဲကလည်း ရင်းနှီးနွေးထွေးစွာ ပြန်လည်နှုတ်ဆက်ခဲ့ပါတယ်။ အပြုံးကိုယ်စီကခရီးစဉ်ကို သက်သေတည်လျက်ရှိပါတယ်။

မလေးရှားဂုဏ်ပြုတပ်ဖွဲ့က အလေးပြုနှုတ်ဆက်လို့ နေပါသေးတယ်။ နိုင်ငံတော် အကြီးအကဲရဲ့ တည်ငြိမ်သောလျှောက်လှမ်းမှု၊ မျက်နှာပြင်ပေါ်က အပြုံးများဟာ ယုံကြည်မှု၊ အောင်မြင်မှုနဲ့ နိုင်ငံ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်မှုတို့အပေါ် ဂုဏ်ယူလျက်ရှိနေမယ်ဆိုတာကိုလည်း စာရေးသူအမှတ်မထင် ခံစားမိခဲ့ပါသေးတယ်။ ဒီလိုနဲ့ အထူးလေယာဉ်ဟာ ကွာလာလမ်ပူမြို့ကို နှုတ်ဆက်ရင်း အမိမြန်မာပြည်သို့ ဦးတည်ပျံသန်းခဲ့ပါပြီ။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့ ညနေပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံ နေပြည်တော်လေဆိပ်ကို ပြန်လည်ရောက်ရှိခဲ့ပါတော့တယ်။ နေပြည်တော် လေဆိပ်မှာလည်း ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးဦးဆောင်တဲ့ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်တဲ့ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနဲ့ သံရုံးမှ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြပါတယ်။

မည်သို့သော အခြေအနေ၊ အချိုးအကွေ့များကြုံတွေ့ရပါစေ၊ နှစ်နိုင်ငံဟာ မိမိနိုင်ငံဖွဲ့စည်းပုံဥပဒေကိုယ်စီ၊ မိမိအချုပ်အခြာအာဏာကိုယ်စီနဲ့ နိုင်ငံအတွင်း ပြဋ္ဌာန်းထားတဲ့ ဥပဒေကိုယ်စီ၊ နိုင်ငံခြားရေးမူဝါဒကိုယ်စီကို မဏ္ဍိုင်ပြုရင်း နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းကျောင်းလျှောက်လှမ်းနေသလို အာဆီယံမျက်နှာစာထိတိုင် ပူးပေါင်းလျှောက်လှမ်းနေကြရဦးမှာပဲဖြစ်ပါတယ်။

မည်သို့ပင်ဆိုပါစေ၊ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ စုစည်းကျစ်လျစ်တဲ့ အင်အားစုတစ်ရပ်ဟာ ပြည်သူလူထုနဲ့လက်တွဲပြီး နိုင်ငံ့အကျိုးအတွက် အရှိန်အဟုန်နဲ့ ကြိုးပမ်းနေဦးမှာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက်ဆိုလျှင် လျှောက်ရမည့်လမ်းတိုင်းကို ယုံကြည်မှုအပြည့်နဲ့ ဆက်လက်လျှောက်လှမ်းနေဦးမှာပါ။ ဖိတ်ခေါ်ခဲ့တဲ့ ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတော်နှင့် နိုင်ငံသားတွေအတွက် ကောင်းကျိုးများစွာကို စဉ်ဆက်မပြတ် ဖော်ဆောင်နိုင်ခဲ့ပါကြောင်း **“ယုံကြည်လျှောက်လှမ်း လှမ်းတိုင်းတင့်၍ အောင်မြင်ခဲ့ပြီ မြန်မာ–မလေးရှားခရီးစဉ်”** ဆိုတဲ့ စာလွှာမှတစ်ဆင့် ကမ္ပည်းတင်လို့ ခြယ်မှုန်းလိုက်ရပါတယ်ဗျာ။ ။

# မြန်မာမှု ရိုးရာစားစရာ “ထမနဲ” နှင့် မြန်မာမှု လက်ရာရက်ကန်းပညာ “လွန်းရာကျော်ကြိုးကြီး အချိတ်လုပ်ငန်း” တို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ ပေးပို့လုပ်ဆောင်သင့်ကြောင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၉**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**(ယာပုံ)**



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် လူမှုရေးခက်ခဲသည့်မြို့နယ်များမှ နိုင်ငံ့ဝန်ထမ်းများ ဒေသစရိတ်ခံစားခွင့်ရရှိရေး၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရေး၊ မြို့ကွက်သစ်ဧရိယာအဖြစ် သတ်မှတ်ပေးရေး၊ ကျေးရွာအမည်ပေါက်ရရှိရေး၊ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းခန့်ထားပေးရေး၊ လယ်ယာမြေပုံစံ(၇) အမည်ပြောင်းခြင်းလုပ်ငန်းစဉ်ဖြေလျှော့ပေးရေး၊ လယ်ယာမြေများ၌ ပိုးမွှားအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ပေးရေး၊ အခွန်လျှော့ချရေး၊ စိုက်ပျိုးစရိတ်ချေးငွေအတွက် အထူးစီမံချက်များ ချမှတ်ရေးနှင့် အခွန်အခြေခံကျယ်ပြန့်လာစေရန် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးဇုန်များ တည်ထောင်ပေးရေး၊ နည်းပညာ၊ အခြေခံအဆောက်အအုံ၊ ထွက်ကုန်များ အသိအမှတ်ပြုလက်မှတ်ရရှိရေး၊ ဈေးကွက်တင်ပို့မှုများကို ကူညီပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို ၁ ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **လူမှုရေးခက်ခဲသည့်မြို့နယ်များမှ နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစာနှင့်ညီမျှသည့်ဒေသစရိတ်ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ခံစားခွင့်ပြုမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဝေးလံခေါင်သီ၍လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဝေးလံခေါင်သီ၍လူမှုရေးခက်ခဲသော ဒေသသတ်မှတ်ရေးကော်မတီများက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိဒေသစရိတ် ခံစားခွင့်ပြုထားသည့် မြို့နယ်/မြို့များ၊ ဒေသစရိတ်ခံစားခွင့်ပြုရန် ထပ်မံတင်ပြသင့်သည့် မြို့နယ်/မြို့များနှင့် ကျေးရွာအုပ်စုများစာရင်းကို လုံခြုံရေး၊ တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဆက်သွယ်ရေးစနစ်ခက်ခဲမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးစနစ်ဖွံ့ဖြိုးမှု၊ လျှပ်စစ်ဓာတ်အားလုံလောက်မှု၊ စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းမှု၊ ရာသီဥတုအခြေအနေ၊ လူမှုပတ်ဝန်းကျင်ခက်ခဲမှုနှင့် စက်သုံးဆီဖြန့်ဖြူးပေးနိုင်မှုအခြေအနေစသည့်အချက်များနှင့်အညီ စိစစ်သုံးသပ်ထားရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသဖြစ်သည့် ကြာအင်းဆိပ်ကြီး မြို့နယ်အပါအဝင်ကျန်မြို့နယ်များ၏ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဥတုနှင့် လူမှုစီးပွားအခြေအနေတို့ကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စိစစ်ရေးကော်မတီများအား အခြေခံအချက်(၁၁)ချက်နှင့်အညီ စိစစ်တင်ပြစေခြင်း၊ ရရှိလာသည့်အချက်အလက်များကို သုံးသပ်ဆွေးနွေးခြင်း၊ ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသများကို လိုအပ်သလိုတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေတွင် လက်ရှိလစာနှင့် ညီမျှသည့်ငွေကို ဒေသစရိတ်အဖြစ်ခွင့်ပြုရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြင်းမူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **မြင်းမူမြို့နယ်၊ မြို့မရဲစခန်းဝင်းအတွင်း ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြင်းမူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြင်းမူမြို့မရဲစခန်းဝင်းအတွင်း၌ ၃၈x၂၅x ၁၀ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းလုံးချင်းနေအိမ် ၅ လုံး၊ ၂၈x၂၂x၁၀ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း လုံးချင်းနေအိမ် ၃ လုံး၊ ၃၅x၂၆x၁၀ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း အရာရှိလုံးချင်းနေအိမ် ၁ လုံး၊ ၄၂x၁၆x ၁၀ ပေ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ၂ ခန်းတွဲ တစ်ထပ် နေအိမ် ၁၂ လုံး၊ ၄၀x၁၉x၁၀ ပေ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ၂ ခန်းတွဲတစ်ထပ်နေအိမ် ၁ လုံး စုစုပေါင်း ၂၂ လုံးရှိပါကြောင်း၊ ယင်းနေအိမ်များအနက် ၄၂x၁၆x၁၀ ပေ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ၂ ခန်းတွဲတစ်ထပ်နေအိမ် ၃ လုံးမှာ ဆွေးမြည့်ပျက်စီးနေသဖြင့် ဖျက်သိမ်းခွင့်တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြင်းမူမြို့မရဲစခန်းဝင်းအတွင်း တပ်ဖွဲ့ဝင်နှင့် မိသားစုများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် ၁၃၀x ၃၆x၂၅ ပေ ၆ ခန်းတွဲနှစ်ထပ်သံကူကွန်ကရစ် ၁ လုံး ဆောက်လုပ်နိုင်ရေးအတွက် မြင်းမူမြို့နယ်တွင် ဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေများကြောင့် ဆောက်လုပ်ရေးကုမ္ပဏီများက ဆောက်လုပ်ရန် အခက်အခဲရှိပါသဖြင့် လုံခြုံရေးအခြေအနေကောင်းမွန်မှသာ နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် လျာထားတောင်းခံ၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့၊ ဥယျာဉ်ခြံမြေ ၃၈၅ ဧကအား မြို့ကွက်သစ်ဧရိယာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ကော့ကရိတ်မြို့ မြို့ပေါ်ရပ်ကွက် ၇ ရပ်ကွက်သည် ဧရိယာအကျယ်အဝန်း ဧက ၈၄၀ ရှိပြီး မြို့မြေဧရိယာ ၄၅၃ ဧကနှင့် ဥယျာဉ်ခြံမြေဧရိယာ ၃၈၅ ဧက ရှိပါကြောင်း၊ ဥယျာဉ်ခြံမြေ ဧရိယာ ၃၈၅ ဧကတွင် နေအိမ်များ ဆောက်လုပ်နေထိုင်လျက်ရှိပြီး ရပ်ကွက်အလိုက် ဆောက်လုပ်နေထိုင်မှုအခြေအနေမှာ အမှတ်(၁)ရပ်ကွက်တွင် ၅၈ ဧက၊ အမှတ်(၂)ရပ်ကွက်တွင် ၃၁ ဧက၊ အမှတ်(၃)ရပ်ကွက်တွင် ၁၅ ဧက၊ အမှတ်(၄) ရပ်ကွက်တွင် ၃၁ ဧက၊ အမှတ်(၅)ရပ်ကွက်တွင် ၈၈ ဧက၊ အမှတ်(၆)ရပ်ကွက်တွင် ၅၃ ဧကနှင့် အမှတ်(၇) ရပ်ကွက်တွင် ၁၀၉ ဧကဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ကော့ကရိတ်မြို့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် မီးလောင်ဆုံးရှုံးခဲ့ရသော ဒေသခံပြည်သူများ၏ နေအိမ်များ ဆောက်လုပ်ရန်၊ မူလပိုင်ဆိုင်သော မြေအမျိုးအစားများမှာ ဥယျာဉ်ခြံမြေများဖြစ်သည့်ဧရိယာ ၃၈၅ ဧကအား မြို့ကွက်သစ်ဧရိယာအဖြစ် တိုင်းတာသတ်မှတ်ပေးနိုင်ရန် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ ကရင်ပြည်နယ်အစိုးရအဖွဲ့က လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုနိုင်ရေး ခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ခွင့်ပြုချက်ရရှိပါက ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေနှင့်အညီ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရရန်ပုံငွေတွင် လျာထားထည့်သွင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့နယ် ကွဲကျနှင့် ထိန်ကန်ကြီးကျေးရွာတို့အား ဝန်ကြီးဌာနအမည်ပေါက်ကျေးရွာအဖြစ် တိုးမြှင့်ရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက သာစည်မြို့နယ် ကွဲတပ်ဆိုကျေးရွာအုပ်စုအတွင်းရှိ ကွဲကျကျေးရွာနှင့် ထိန်ကန်ကြီးကျေးရွာများအား ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ်သတ်မှတ်နိုင်ရေး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးမဖိုးလောင်ဝီး၏ **လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာ ၉ ရွာအား ဝန်ကြီးဌာနအမည်ပေါက် ကျေးရွာအဖြစ်ရရှိနိုင်ရေး သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်တွင် မြို့ ၂ မြို့၊ ရပ်ကွက် ၅ ခု၊ ကျေးရွာအုပ်စု ၃၆ အုပ်စုနှင့် ကျေးရွာပေါင်း ၉၇ ရွာရှိပါကြောင်း၊ လဟယ်မြို့နယ်အတွင်း၌ တရားဝင်ကျေးရွာအဖြစ် သတ်မှတ်ခြင်းမခံရသေးသော ကျေးရွာ ၉ ရွာ ရှိပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါကျေးရွာ ၉ ရွာသည် လဟယ်မြို့မှ မိုင်(၅၀)ခန့်အကွာရှိ မြန်မာ-အိန္ဒိယ နယ်စပ်အနီးတွင်တည်ရှိကာ တောရိုင်းမြေပေါ်တွင် အခြေချနေထိုင်လျက်ရှိသည့် ကျေးရွာများဖြစ်သည့်အပြင် တောင်ပေါ်ဒေသတွင် နေထိုင်သည့်ကျေးရွာများဖြစ်ပါသဖြင့် တောတောင်အတက်အဆင်းပေါ်များခြင်း၊ ဆိုင်ကယ်/ခြေလျင်ခရီးဖြင့် သွားလာနိုင်သည့် သွားလာရခက်ခဲသောကျေးရွာများ ဖြစ်ခြင်းတို့ကြောင့် လက်ရှိကာလတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ထားသော ကျေးရွာအဖြစ် ဆောင်ရွက်ရခြင်းမရှိသေးသော်လည်း ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒဖြင့် တင်ပြလာပါက အထက်ဌာနအဆင့်အဆင့်သို့ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ကျေးရွာအုပ်စု၊ ကျေးရွာများတိုးချဲ့၊ ပယ်ဖျက်၊ အမည်ပြောင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအတိုင်း နယ်မြေဒေသအခြေအနေအရ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကွင်းဆင်းစိစစ်၍ မြေရာဇဝင်စိစစ်ချက်များဖြင့် နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ရရှိရေး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ထောက်ခံတင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **ထားဝယ်မြို့နယ်၊ ဒေသဆိုင်ရာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွင် ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်း ခန့်ထားပေးရန်နှင့် ဓာတ်ခွဲခန်းဝန်ထမ်းအင်အား သီးခြားဖွဲ့စည်းပုံဖွဲ့စည်းပေးနိုင်ခြင်းရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ရောဂါရှာဖွေရေးနှင့် အစားအသောက် ဘေးကင်းလုံခြုံစိတ်ချစေရန်အတွက် စစ်ဆေးရှာဖွေနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ် (နေပြည်တော်၊ ကရင်၊ ကချင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း) တို့တွင် ရည်ညွှန်းဓာတ်ခွဲခန်း(၂)ခု၊ မီနီဓာတ်ခွဲခန်း (၅)ခု၊ ဒေသဆိုင်ရာ ဓာတ်ခွဲခန်း(၂)ခု၊ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးဓာတ်ခွဲခန်း (၇) ခု၊ ခွာနာလျှာနာရောဂါရှာဖွေရေး ဓာတ်ခွဲခန်း(BSL-2) (၁)ခု၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးအရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်း (Assay Lab) (၁)ခု ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

ထားဝယ်ဓာတ်ခွဲခန်းအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဓာတ်ခွဲခန်းများမှာ ပြည်ထောင်စုဖွဲ့စည်းပုံ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်လည်ပတ်ဆောင်ရွက်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ဓာတ်ခွဲခန်းတွင် ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူးနှင့် အဆင့်အတူ ဓာတ်ခွဲခန်းကျွမ်းကျင် ဝန်ထမ်းတစ်ဦး ခန့်အပ်ထားရှိပြီး လက်ရှိလုံလောက်မှုရှိသဖြင့် ဒေသတွင်း တိရစ္ဆာန်ရောဂါ ရှာဖွေစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **လယ်ယာမြေပုံစံ(၇) အမည်ပြောင်းခြင်းလုပ်ငန်းစဉ်ဖြေလျှော့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက ကွယ်လွန်သွားသည့် မူလပိုင်ရှင်၏ အမွေဆက်ခံသားသမီးများ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူရရှိနိုင်ရေးအတွက် လယ်ယာမြေပုံစံ(၇) အမည်ပြောင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို အမွေဆက်ခံသူသည် အမွေဆက်ခံခွင့်ရှိကြောင်း အထောက်အထားခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်း (ပုံစံ-၉)ဖြင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်အား အမွေဆက်ခံခြင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ အမွေဆက်ခံခွင့်ရှိသည့် မိသားစုဝင်များမှ အမည်ပြောင်းလဲပေးနိုင်ရေးတင်ပြလျှောက်ထားရာတွင် အမွေဆက်ခံခွင့်ရှိသူသည် ဦးစွာ စီရင်ပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာတရားရုံးမှ အမွေဆက်ခံခွင့်လက်မှတ်ရရှိရေး လျှောက်ထားရယူဆောင်ရွက်ရမည်ဖြစ်ပြီး အမွေဆက်ခံခွင့်လက်မှတ်မိတ္တူပူးတွဲ၍ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ်မြေစာရင်းဦးစီးဌာနရုံးမှ ရုံးရှိ မှတ်ပုံတင်စာရင်းပုံစံ(၅)၊

*စာမျက်နှာ ၉ သို့*

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၀-၂၀၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈ ကော်လံ (၁) စာပိုဒ် (၁၀) စာကြောင်းရေ (၆) ပါ ၁၄၀၀ ကျော်ကို မြန်မာ့တပ်မတော် ရေယာဉ်သင်္ဘောနဲ့ ပြန်ခေါ်သွားပြီ ဖြစ်ပါတယ် **(အစား)** ၁၀၄၉၃ ဦးကို လေယာဉ်၊ တပ်မတော်ရေယာဉ်တို့နဲ့ ပြန်ခေါ်သွားပြီ ဖြစ်ပါတယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

*စာမျက်နှာ ၈ မှ*

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)(ရုံးလက်ခံ)တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး ၁၅ ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် လယ်ယာမြေလုပ်ပိုင်ခွင့် အမည်ပြောင်းလဲလျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ရက်ပေါင်း ၃၀ အတွင်းကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြော်ငြာစာပုံစံ(၂-ဂ)ကို ကပ်ထားရမည်ဖြစ်ပါကြောင်း။

ရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ကန့်ကွက်လွှာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ၇ ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကန့်ကွက်ချက်သည် ခိုင်လုံမှုမရှိပါက အမည်ပြောင်းလဲဆောင်ရွက်ရန် အကြောင်းကြားခြင်း၊ ကန့်ကွက်ချက်သည် ငြင်းပယ်ရန် ခိုင်လုံကြောင်း စစ်ဆေးတွေ့ရှိပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပုံစံ(၈-ခ) ထုတ်ပေးနိုင်ရေး အကြောင်းကြားခြင်းတို့ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၁၅ ရက်အတွင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမည်ပြောင်းလဲဆောင်ရွက်ပေးရန် အကြောင်းကြားချက်ရရှိလျှင် ၁၅ ရက်အတွင်း ဦးပိုင်လုပ်ကွက်(၁)ခုအတွက် မှတ်ပုံတင်ကြေးငွေကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ-၇) ပြောင်းလဲပြင်ဆင်ထုတ်ပေးရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းပုံစံ(၅-က) တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပါကြောင်း။

တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ လွယ်ကူလျင်မြန်စွာထုတ်ချေးပေးနိုင်ရေးအတွက် အသိပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုသိမ်မြို့နယ်၊ လယ်ယာမြေများ၌ ခရုအန္တရာယ်မှ လွတ်မြောက်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အလိုက်တာဝန်ပေးခန့်အပ်ထားသည့် သီးနှံကာကွယ်ရေးကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပြီး ခွေခရုအပါအဝင်စပါးသီးနှံတွင် ကျရောက်လေ့ရှိသည့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်းနှင့်သုံးစွဲသင့်သည့်ဆေးအမျိုးအစားများကို အကြံပြုချက်များပေးပြီး ကူညီဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် အရည်အသွေးကောင်း သီးနှံများထုတ်လုပ်နိုင်ရေးအတွက် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးနည်းစနစ်များကို စာတွေ့လက်တွေ့သင်ကြားပြသခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်အတွင်း ကျန်ရှိသည့် မိုးစပါးရာသီသက်တမ်းတစ်လျှောက်တွင် ခွေခရုကြိုတင်ကာကွယ်နှိမ်နင်းရေး အသံဖိုင်ဖြင့် နှိုးဆော်သတိပေးခြင်းလုပ်ငန်းအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ အသံဖိုင်များဖြန့်ဝေဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ခွေခရုကာကွယ်နှိမ်နင်းရေးနည်းလမ်းများအား တောင်သူများ စုပေါင်းပြီး လက်တွေ့လိုက်နာကျင့်သုံးလုပ်ဆောင်ခြင်းဖြင့် စပါးသီးနှံတွင် ခွေခရုကျရောက်ဖျက်ဆီးမှု လျော့ပါးသက်သာစေမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်အမည်ပြောင်းရာတွင် အခွန်လျှော့ချရေး၊ စိုက်ပျိုးစရိတ်ချေးငွေအတွက် အထူးစီမံချက်များ ချမှတ်ရေးနှင့် အခွန်အခြေခံ ကျယ်ပြန့်လာစေရေး အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေလုပ်ပိုင်ခွင့်အမည်ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ပိုင်ခွင့်အမည်ပြောင်းလဲခြင်းကိစ္စနှင့်သက်ဆိုင်သည့် တံဆိပ်ခေါင်းခွန်နှုန်းထားများနှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခနှုန်းထားများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြဋ္ဌာန်းသတ်မှတ်ထားရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခနှုန်းထားများ အတိုင်းသာဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေညွှန်ကြားချက်ပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အမွေဆက်ခံခြင်း၊ အဖိုးစားနားမပါဘဲ မေတ္တာဖြင့်ပေးကမ်းခြင်း၊ မိသားစုအတွင်း လွှဲပြောင်းခြင်း စသည့်ကိစ္စရပ်များဆောင်ရွက်ရာတွင် ဝင်ငွေခွန်စည်းကြပ်ကောက်ခံခြင်းမပြုဘဲ၊ ပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် ပြုလုပ်ချုပ်ဆိုကြမည့် စာချုပ်စာတမ်းများအပေါ်တွင်သာ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို ပေးသွင်းထမ်းဆောင်စေလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ငဖဲမဲဆန္ဒနယ်မှ ဦးမိုးမင်းဦး၏ **"ဓာတုကင်းလွတ်စိုက်ပျိုးရေးဇုန်များ" တည်ထောင်ပေးရန်နှင့် နည်းပညာများ သင်တန်းပေးရန်၊ အခြေခံအဆောက်အအုံများပံ့ပိုးပေးရန်၊ ထွက်ကုန်များအတွက် အသိအမှတ်ပြုလက်မှတ်များရရှိရန်နှင့် ဈေးကွက်တင်ပို့နိုင်ရန်တို့အား ကူညီပေးရန်အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဓာတုကင်းလွတ် စိုက်ပျိုးရေးဇုန်များ စနစ်တကျတည်ထောင်ပေးရန်ကိစ္စနှင့် စပ်လျဉ်းပြီး ဆန္ဒအလျောက် တောင်သူများ အစုအဖွဲ့စနစ်ဖြင့်ဆောင်ရွက်လိုမှုအပေါ် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ လွယ်ကူလျင်မြန်စွာရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တစ်နိုင်တစ်ပိုင်ဆောင်ရွက်နေကြသည့် တောင်သူများအား အော်ဂဲနစ် စိုက်ပျိုးရေး နည်းပညာဖြန့်ဖြူးမှုအနေဖြင့် အော်ဂဲနစ်မြေဩဇာများ၊ သဘာဝသွင်းအားစုများ၊ သဘာဝပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ၊ တီကောင်မွေးမြူခြင်း အစရှိသည့်ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများအား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနဌာနတို့၌ စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး အော်ဂဲနစ်စိုက်ပျိုးသူများနှင့် အများပြည်သူများအား နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ အော်ဂဲနစ်ထောက်ခံချက်လက်မှတ်ထုတ်ပေးသည့် ပုဂ္ဂလိကအဖွဲ့ လေးဖွဲ့ရှိပြီး IFOAM နှင့် USDA ကဲ့သို့သော နိုင်ငံတကာ အော်ဂဲနစ်ထောက်ခံချက်လက်မှတ်များကို လျှောက်ထားရယူလိုပါက တောင်သူများအနေဖြင့် Control Union ကဲ့သို့သော ကုမ္ပဏီများမှတစ်ဆင့် ရရှိနိုင်ရေးအတွက် လိုအပ်သည့် ချိတ်ဆက်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များအပါအဝင် မြန်မာ့ထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် နိုင်ငံ ၁၂ နိုင်ငံတွင် စီးပွားရေးသံမှူး ၁၇ ဦးအား စေလွှတ်ထားရှိပြီး ချိတ်ဆက်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စဥ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စိုက်စရိတ်ချေးငွေများ စိုက်ချိန်မီထုတ်ချေးရန်၊ သွင်းအားစုများအား အခွန်လျှော့ပေးရန်၊ စပါးများအား ပြည်တွင်း၌ လွတ်လပ်စွာရောင်းချနိုင်ရန်နှင့် ပြည်ပဈေးကွက်ရရှိရန်၊ အတိုးနှုန်းသက်သာသော နှစ်ရှည်ဘဏ်ချေးငွေဆောင်ရွက်ပေးရန်၊ Export zone(သို့)ဆန်စပါးအထူးဇုန်များ သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားစုတွင် အဓိကအရေးပါသည့် စိုက်ပျိုးထုတ်ကုန်တိုးတက်ဖွံ့ဖြိုးရေးအတွက် တောင်သူလယ်သမားလိုအပ်သည့် နှစ်စဉ်ရာသီအလိုက် (မိုး၊ ဆောင်း၊ မိုးကြို) စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို နိုင်ငံတော်၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်သာသောအတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိပါကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်များက မေလ ၁၉ ရက်ဝန်းကျင်ခန့်တွင် စတင်ထုတ်ချေးခဲ့ရာမှ ယခုနှစ်တွင် မေလ ၁၂ ရက်နေ့မှစ၍ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ စပါး၊ ဆန်၊ ဂျုံစေ့၊ ဖွဲကြမ်းစသည့်ကုန်စည်များ၊ ပဲအမျိုးမျိုး၊ ပြောင်းအမျိုးမျိုးစသည့်ကုန်စည်များ၊ ကြက်သွန်၊ အာလူး၊ ငရုတ်၊ ဟင်းခတ်အမွှေးအကြိုင် စသည့်ကုန်စည်များ၊ ဟင်းသီးဟင်းရွက်များ၊ လက်ဖက်ခြောက်နှင့် ဆီအမျိုးမျိုး စသည့်ကုန်စည်များ၊ မြေဆီနှင့် ဓာတ်မြေဩဇာအမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ ရောဂါပိုးသတ်ဆေးအမျိုးမျိုး စသည့်ကုန်စည်များ၊ အပင်မျိုးစေ့၊ မျိုးပင် စသည့်ကုန်စည်များ၊ လယ်ယာသုံးကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် စက်အပိုပစ္စည်းများ စသည့်ကုန်စည်အမျိုးမျိုးတို့ကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခြင်း၊ အခွန်လျှော့ပေါ့ခြင်း သို့မဟုတ် အခွန်လုံးဝလျှော့ချခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လယ်ယာသုံး စက်ကိရိယာများကို ဝယ်ယူနိုင်ရန် ချေးငွေသက်တမ်းတစ်နှစ်နှင့် ချေးငွေပမာဏ ငွေကျပ်သိန်း ၁၀၀ မှ ငွေကျပ်သိန်း ၅၀၀ အထိကို နှစ်ချင်းဆပ်ချေးငွေအဖြစ် လည်းကောင်း၊ ချေးငွေပမာဏ ငွေကျပ်သိန်း ၅၀၁ မှ ငွေကျပ်သိန်း ၁၀၀၀ အထိကို နှစ်တိုချေးငွေအဖြစ် လည်းကောင်း၊ ငွေကျပ်သိန်း ၁၀၀၁ မှ ငွေကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍ၊ ငွေကျပ်သိန်း ၃၀၀၁ မှ ငွေကျပ်သိန်း ၅၀၀၀ အထိ တစ်ကဏ္ဍကို နှစ်ရှည်ချေးငွေအဖြစ် လည်းကောင်း၊ အရစ်ကျပေးဆပ်မှုစနစ်ဖြင့် ထုတ်ချေးပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ပြီး ငွေကျပ် ၂၃၀ ဘီလီယံဖြင့် နွေစပါး၊ မိုးစပါးသီးနှံများတွင်လည်းကောင်း၊ ငွေကျပ် ၅၆ ဒသမ ၃၁ ဘီလီယံဖြင့် ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ)သီးနှံများတွင်လည်းကောင်း အရင်းမပျောက်မတည်ငွေပုံစံဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်နေပါကြောင်း၊ တောင်သူများ ဝင်ငွေတိုးစေရန်နှင့် လူနေမှုဘဝမြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် အရည်အသွေးတူဆန်များအရေအတွက်အမြောက်အမြား စဉ်ဆက်မပြတ်ဈေးကွက်တင်ပို့ရောင်းချနိုင်ရေး ရည်ရွယ်၍ ဇုန်အလိုက်၊ တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထုတ်လုပ်သည့် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန်စီမံကိန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် **"မြန်မာမှုရိုးရာစားစရာ "ထမနဲ" ကို လည်းကောင်း၊ မြန်မာမှုလက်ရာရက်ကန်းပညာ "လွန်းရာကျော်ကြိုးကြိုးအချိတ်လုပ်ငန်း"ကိုလည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ ပေးပို့လုပ်ဆောင်သင့်ကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး**က မြန်မာ့ကြိုးကြိုးအချိတ်အထည်သည် မြန်မာ့ရိုးရာရက်ကန်းအနုပညာ၏ ထူးခြားသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဒီဇိုင်း၊ အရောင်၊ ပိုးချည်မျှင် ရွေးချယ်မှု၊ ရက်လုပ်နည်း၊ ပန်းဖော်နည်းနှင့် အချိန်ကြာမြင့်စွာ လက်ဖြင့်လုပ်ကိုင်ရသည့်ကျွမ်းကျင်မှုများ ပါဝင်ပါကြောင်း၊ ကြိုးကြိုးအချိတ်တို့၏ သမိုင်းကြောင်း၊ လက်ရှိကျင့်သုံးပုံ၊ ရိုးရာအသိပညာ၊ ပညာရှင်များ၊ မျိုးဆက်လက်ဆင့်ကမ်းမှု၊ လက်ရှိ အခက်အခဲများနှင့် ထိန်းသိမ်းရေးအစီအစဉ်တို့ကို ဓာတ်ပုံ၊ ဗီဒီယို၊ အသံဖိုင်၊ စာရွက်စာတမ်းနှင့်အင်တာဗျူးများဖြင့် မှတ်တမ်းများ ထားရှိရမည်ဖြစ်ပါကြောင်း။

ယူနက်စကို သတ်မှတ်ထားသည့် Nomination Form နှင့် လုပ်ထုံးလုပ်နည်းအတိုင်း အမျိုးသားအဆင့် အဆိုပြုလွှာကို ပြင်ဆင်ပြီး သက်ဆိုင်ရာအမျိုးသားအာဏာပိုင်အဖွဲ့မှ ယူနက်စကိုသို့ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ မြန်မာမှုရိုးရာစားစရာ ထမနဲနှင့် မြန်မာ့ကြိုးကြိုးအချိတ် ရက်ကန်းပညာနှင့် ရိုးရာဒီဇိုင်းဖန်တီးမှု စသည့်အဓိကအကြောင်းအရာများဖြင့် စနစ်တကျမှတ်တမ်းတင်၍ အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ထည့်သွင်းကာယူနက်စကိုသတ်မှတ်ချက်များနှင့်အညီ အဆင့်ဆင့်အဆိုပြုတင်ပြသင့်ကြောင်း ဆွေးနွေးသည်။

**ကျေးသီး မဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး**က ရိုးရာပညာရပ်များကို ယနေ့မျိုးဆက်၌ ရပ်တန့်မသွားစေဘဲ နောင်လာမည့်မျိုးဆက်သစ်များအထိ လက်ဆင့်ကမ်းနိုင်ရေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရိုးရာပညာရှင်များထံက ပညာရပ်များကို မှတ်တမ်းတင်ခြင်း၊ သင်တန်းပေးခြင်း၊ လူငယ်များကို အလုပ်သင်စနစ်နှင့် လက်တွေ့သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း၊ အထူးသဖြင့် ယူနက်စကိုသို့တင်သွင်းခြင်းကိုနိုင်ငံတကာအသိအမှတ်ပြုမှုရရှိရန်အတွက်သာ မဟုတ်ဘဲ မိမိတို့၏ ရိုးရာအမွေအနှစ်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်အတွက် အခွင့်အရေးတစ်ခုအဖြစ် အသုံးပြုသင့်ပါကြောင်း၊ ထမနဲနှင့် အချိတ်ရက်ကန်းပညာသည် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်ပြီး ဒေသခံများအတွက် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါကြောင်း သို့ဖြစ်ပါ၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ချမ်းအေးသာစံ မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်ဌေး**က မြန်မာ့ရိုးရာစားစရာ "ထမနဲ"နှင့် မြန်မာမှုလက်ရက်ကန်းပညာ "အချိတ်လုပ်ငန်း" သည် မြန်မာတို့၏ ရှေးမင်းဆက်များ ခေတ်ကတည်းက ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းလက်ဆင့်ကမ်းလာခဲ့သည်မှာ ယနေ့မျက်မှောက်ကာလအထိပင် ဖြစ်ပါကြောင်း၊ ရက်ကန်းနှင့် အချိတ်သည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို မျိုးဆက်တစ်ခုမှတစ်ခုသို့ ထိန်းသိမ်းလက်လွှဲပြောင်းပေးနေသော အဖိုးတန်အတတ်ပညာတစ်ခု ဖြစ်ပါကြောင်း၊ အမျိုးဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး မြန်မာကို ကမ္ဘာက သိရှိနိုင်ရေးအလေးထားဆောင်ရွက်သွားရမည် ဖြစ်သည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

**သပိတ်ကျင်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြစိုး**က "ထမနဲ" ဟူသည် ရိုးရာအစားအစာတစ်မျိုးကို ပြုလုပ်စားသုံးခြင်းမျှသာ မဟုတ်ပါကြောင်း၊ ထူးခြားချက်မှာ လူတစ်ဦးတည်းက ပြုလုပ်ခြင်း မဟုတ်ဘဲ လူအများစုပေါင်း၍ ဝိုင်းဝန်းလုပ်ကိုင်ကြခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကိုလူသားမျိုးနွယ်၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကိုယ်စားပြုစာရင်းတွင် ပထမဆုံးစာရင်းဝင်အောင် တင်သွင်းနိုင်ခဲ့ပါကြောင်း၊ ယင်းအတွေ့အကြုံကိုအခြေခံပြီး မြန်မာ့ရိုးရာအစားအစာများထဲမှ ထမနဲနှင့်ဆက်စပ်သည့် ရိုးရာဓလေ့များကိုလည်း စနစ်တကျသုတေသနပြု မှတ်တမ်းတင်ထိန်းသိမ်းပြီး ယူနက်စကိုသို့ တင်သွင်းနိုင်ရေးကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း။

မြန်မာနိုင်ငံတွင် ရက်ကန်းပညာသည် အလွန်ရှေးကျသည့် လက်မှုပညာတစ်ရပ်ဖြစ်ပြီး ပျူမြို့ပြနိုင်ငံများခေတ်ကတည်းက ရက်ကန်းပညာရှိခဲ့သည်ကို သုတေသနစာတမ်းများက ဖော်ပြထားပါကြောင်း၊ ထို့ကြောင့်လွန်းရာကျော်ကြိုးကြိုးအချိတ်လက်ရက်ကန်းစင်နှင့် ရိုးရာရက်လုပ်ပညာရပ်များကို စနစ်တကျမှတ်တမ်းတင်ပြီး ပညာရှင်များ၊ လူငယ်များနှင့် ဒေသခံလက်မှုပညာရှင်များ ပူးပေါင်းကာ

*စာမျက်နှာ ၁၀ သို့*

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၉**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးဝင်းတင့်၏ **စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသော ဘုန်းတော်ကြီးကျောင်းတိုက်အဆောက်အအုံများနှင့်သီလရှင်ကျောင်းတိုက် အဆောက်အအုံများကို နိုင်ငံတော်အစိုးရမှ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က စစ်ကိုင်းမြို့နယ်တွင် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီ ၃၇ ဆူအနက် ဝါးချက်ကျေးရွာရှိ ဆင်မဝပ်စေတီ၊ လောကထွဋ်မှတ်တင် ရန်အောင်မြင်ဘုရား၊ မင်းလှစေတီ၊ ပုဂံရပ်ရှိ ရှင်ပင်အုံ့ဆင်းစေတီနှင့် ရွှေမင်းဝံရပ်ကွက်ရှိ ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ စသည့် ဘုရား၊ စေတီ ၅ ဆူကို ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်ပါကြောင်း၊ ရှေးဟောင်းဘုရား၊ စေတီ ၁၁၈ ဆူအနက် သီတဂူဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်များနှင့် အလှူရှင်များ၏ လှူဒါန်းမှုနှင့် ပြုပြင်ပြီး ၁၉ ဆူ၊ ပြုပြင်ဆဲ ၁၇ ဆူ ဖြစ်ပြီး ပြုပြင်ရန်ကျန် ၈၂ ဆူဖြစ်ပါကြောင်း၊ ရှေးဟောင်းဘုရားများဖြစ်ကြသော ပျူကံစေတီအုပ်စု ဘုရား ၇ ဆူ၊ လောကမှန်ကင်းလိုဏ်ဂူနှင့် မိပေါက်ကြီးစေတီတို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက လျာထားပြီးဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးကျောင်း ၆၉၄ ကျောင်းနှင့် သီလရှင်ကျောင်း ၃၇၇ ကျောင်းကို ပြန်လည်ပြုပြင်နိုင်ရေး အလှူရှင်ရှာဖွေလျက်ရှိပါကြောင်း။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပစဉ်။

စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျောင်းအဆောက်အအုံများ ပြုပြင်မပြီးမီ ရဟန်း၊ သာမဏေနှင့် သီလရှင်များ အဆင်ပြေစွာ သီတင်းသုံးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးပို့လှူဒါန်းသည့် Prefabricated House အလုံး ၂၂၀ ကို သာသနာရေးဝန်ကြီးဌာန၏စီမံမှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက ဘုန်းကြီးကျောင်း ၁၁၀ ကျောင်းနှင့် သီလရှင်ကျောင်း ၉၇ ကျောင်းတို့သို့ ၂၀၂၆ ခုနှစ် မေ ၂၁ ရက်မှစ၍ ပို့ဆောင်တပ်ဆင်ပေးခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် သက်ဆိုင်ရာကျောင်းတိုက်အသီးသီးတွင် တပ်ဆင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်းတိုက် အဆောက်အအုံများနှင့် သီလရှင်ကျောင်းတိုက် အဆောက်အအုံများကို ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် သက်ဆိုင်ရာကျောင်းတိုက်များသို့ အလှူရှင်များပေါ်ပေါက်လှူဒါန်းလာမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါ်အေးချမ်းမုံ၏ **ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအနက် အသက်(၁၈)နှစ်ပြည့်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား(မှတ်ပုံတင်) အသစ်လျှောက်ထားရန် လိုအပ်သူများနှင့် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းတို့ကြောင့် ပြန်လည်လဲလှယ်လျှောက်ထားရန် လိုအပ်သူများအား မိမိတို့ရောက်ရှိနေသည့် ဒေသများတွင် အလွယ်တကူ လျှောက်ထားထုတ်ယူနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မည်သို့သော အစီအစဉ်များချမှတ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မည်ကဲ့သို့ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆)ဖြင့် နေထိုင်ခဲ့သော ယာယီနေရပ်စွန့်ခွာပြည်သူများက နိုင်ငံသားစိစစ်ရေးကတ်ပြားပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ အသက်(၁၈)နှစ်ပြည့်၍ လဲလှယ်လိုခြင်း၊ အသက်(၁၀)နှစ်၊ (၁၈)နှစ်ပြည့်လာသည့် သားသမီးများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်ပြုလုပ်လိုခြင်း စသည့်အကြောင်းအမျိုးမျိုးဖြင့် လက်ရှိနေထိုင်ရာဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားပါက e-ID Server အတွင်း ဖြည့်သွင်းထားသည့် ၎င်းတို့၏ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနံပါတ် မှန်/မမှန်၊ ကိုယ်ရေးအချက်အလက် မှန်/မမှန် ဦးစွာ တိုက်ဆိုင်စိစစ်ပြီး မှန်ကန်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ထုတ်ပေးလျက်ရှိပါကြောင်း။

အကယ်၍ လျှောက်ထားသူသည် တိုင်းရင်းသားဖြစ်ပြီး ယာယီနေရပ်စွန့်ခွာလာသည့် မြို့နယ်တွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူဖြစ်ပါက မူလနေထိုင်ရာဒေသတွင် နေထိုင်မှုရှိ/မရှိအား သက်ဆိုင်ရာမြို့နယ်လဝကရုံးသို့ ချိတ်ဆက်စစ်ဆေး၍ မူလနေထိုင်သည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ "နေထိုင်ခဲ့သည်မှာ မှန်ကန်ကြောင်းထောက်ခံချက်" ရယူပြီး လက်ရှိနေထိုင်သည့် မြို့နယ်မှ မြို့နယ်လဝက၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ပါဝင်သော မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ (၅ ဦး ကော်မတီ) ဖြင့် စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားမဟုတ်သည့် ဥပဒေအရ နိုင်ငံသားအဆုံးအဖြတ် ခံယူရမည့်သူများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်နှင့် စိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်လက်မှတ်နှင့် စိစစ်ရေးကတ်ပြားတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မူလဒေသမှ ယာယီနေရပ်စွန့်ခွာလာသည့် ပြည်သူများအတွက် ၎င်းတို့ရောက်ရှိနေထိုင်ရာ မြို့နယ်အသီးသီးတွင် အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာလုပ်ငန်းများဖြစ်သည့် မွေးဖွား၍ အိမ်ထောင်စုလူဦးရေစာရင်းတွင် အမည်စာရင်းထည့်သွင်းခြင်း၊ သေဆုံး၍ အမည်စာရင်းပယ်ဖျက်ခြင်း၊ ပြောင်းဝင်ခြင်း၊ ပြောင်းထွက်ခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပျောက်ဆုံး/ပျက်စီး၍ မိတ္တူထုတ်ပေးခြင်းတို့ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ပျက်စီး/ လဲလှယ်/ မိတ္တူ ထုတ်ပေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၆ ရက်အထိ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယခုအစိုးရလက်ထက်တွင် ရက်ပေါင်း(၁၀၀) စီမံချက်ဖြင့် အသက်(၁၈)နှစ် ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို မြို့နယ်လဝကရုံးများ၌လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသား/ကျောင်းသူများအား အသက်(၁၀)နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန်အတွက် လမင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီး ရက်ပေါင်း (၁၀၀) ကာလအလွန်တွင်လည်း လမင်းစီမံချက်ဖြင့် မြို့နယ်လဝကရုံးများ၌ အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာ လုပ်ငန်းများနှင့် အသက်(၁၀)နှစ်၊ (၁၈)နှစ်ပြည့်လာသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း၊ လဲလှယ်ပေးခြင်း၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၉ မှ*

နိုင်ငံတကာအဆင့်တွင် မိတ်ဆက်မြှင့်တင်သင့်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်အဖြစ် လွန်းရာကျော်ရက်ကန်းအချိတ်ကို ယူနက်စကိုတင်သွင်းခြင်းသည် မြန်မာ့ယဉ်ကျေးမှုအတွက် ကမ္ဘာ့အဝန်းအဝိုင်းထဲတွင် ကိုယ်ပိုင်ရိုးရာအမွေအနှစ် ပေါ်ထွက်လာစေခြင်းဖြစ်ကြောင်း ထောက်ခံဆွေးနွေးသည်။

**အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး**က ထမနဲကို မြန်မာ့ရိုးရာအစားအစာတစ်ခုတည်း ရှုထောင့်ဖြင့် ကြည့်၍ မလုံလောက်ပါကြောင်း၊ မြန်မာရိုးရာတပို့တွဲလ၏ ရာသီပွဲတော်တစ်ခုဖြစ်သကဲ့သို့ လူမှုအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုကို ဖော်ကျူးနေသည့် အသက်ဝင်နေဆဲ ဒြပ်မဲ့တစ်ခုဖြစ်ပါကြောင်း၊ ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်ချက်များနှင့် ကိုက်ညီနေသည့် အချက်(၃)ချက်ရှိပါကြောင်း၊ မြန်မာ့ရိုးရာထမနဲပွဲတော်သည် လူမျိုးတစ်မျိုး၏ စည်းလုံးညီညွတ်မှုကို ဖော်ပြနေခြင်း၊ ရှေးဟောင်းရိုးရာနည်းပညာကို မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းပေးနိုင်ခြင်း၊ မြန်မာပြည်သူပါဝင်ဆင်နွှဲနိုင်သည့် အသက်ဝင်နေဆဲ ယဉ်ကျေးမှုအစဉ်အလာဖြစ်ခြင်းတို့သည် ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းတွင် ပါဝင်သည်ဆိုသည့် အရည်အချင်းများနှင့်ပြည့်စုံနေကြောင်း တွေ့ရှိရပါသဖြင့် မြန်မာ့ရိုးရာစားစရာ ထမနဲအား ပွဲတော်များနှင့်တွဲဖက်၍ တပို့တွဲလဆန်းတွင် ထမနဲထိုးပွဲတော်နှင့် ရိုးရာဓလေ့ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ်သာ အဆိုတင်သွင်းသင့်ကြောင်း။

လွန်းရာကျော်ရှေးရိုးရာ မြန်မာ့လက်ခတ်ရက်ကန်းစင်များနှင့် လက်ခတ်ရက်ကန်းပညာကို ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် လေ့လာရာတွင် အထည်အလိပ်ရက်လုပ်ခြင်းအတတ်ပညာသည် ကမ္ဘာတစ်ဝန်းတွင်ရှိကြသော်လည်း မြန်မာ့လက်ခတ်ပညာသည် ရှေးခေတ်ပျူမြို့ဟောင်းများမှစ၍ ပုဂံ၊ အင်းဝ၊ အမရပူရနှင့် ကုန်းဘောင်ခေတ်အထိ ရာစုပေါင်းများစွာတိုင်အောင် မပျောက်ပျက်ဘဲ မျိုးဆက်တစ်ခုမှတစ်ခုသို့လက်ဆင့်ကမ်းလာသည့် ယဉ်ကျေးမှုတစ်ခုဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုရှင်တင်သွင်းသည့် မြန်မာ့ထမနဲနှင့် လွန်းရာကျော် ရှေးရိုးရာမြန်မာ့လက်ခတ်ရက်ကန်းစင်များနှင့် လက်ခတ်ရက်ကန်းပညာကို ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းပေးနိုင်ရေးအတွက် အဆိုကို လေးနက်စွာထောက်ခံဆွေးနွေးသည်။

အလားတူ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်က အကြံပြုထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက "မြန်မာ့ထမနဲယဉ်ကျေးမှု"ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ သတ်မှတ်ကာလဖြစ်သော ၂၀၂၇ ခုနှစ်၊ မတ်လ(၃၁) ရက်မတိုင်မီ စံသတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် ထမနဲယဉ်ကျေးမှုနှင့် ပတ်သက်သော လှုပ်ရှားမှုများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ရပ်ရွာလူထုအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ထမနဲထိုးပြိုင်ပွဲများကျင်းပခြင်း၊ ထမနဲရောင်းချသူလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လိုအပ်သောလုပ်ငန်းစဉ်များအား မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(မန္တလေး)၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့များ၊ တိုင်းရင်းသားရေးရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်သူလူထုလှုပ်ရှားမှုပိုမိုပါဝင်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကျင်းပသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများ၌ လွန်းရာကျော်ကြိုးကြီးချိတ်ပညာရပ်နှင့် ပတ်သက်၍ ဆွေးနွေးခြင်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လွန်းရာကျော်ကြိုးကြီးချိတ်အား "ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်"အဖြစ် စံသတ်မှတ်ချက်များနှင့်အညီ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကဲ့သို့သော ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာ့ထမနဲယဉ်ကျေးမှုကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ၂၀၂၇ ခုနှစ်၊ မတ်လ(၃၁) ရက်နေ့နောက်ဆုံးထား၍ တင်သွင်းနိုင်ရေးနှင့် "လွန်းရာကျော်ကြိုးကြီးချိတ်လုပ်ငန်း"ကို ၂၀၂၈ ခုနှစ် မတ်လ(၃၁)ရက် နောက်ဆုံးထားပြီး ဆက်လက်တင်သွင်းရေးအတွက် ပြည်သူများပူးပေါင်းပါဝင်မှု၊ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုမှု၊ ပြည်သူနှင့် အသင်းအဖွဲ့များ ကောင်းစွာလှုပ်ရှားဆောင်ရွက်မှုများဖြင့် ဤဝန်ကြီးဌာနက ဆက်လက်ကြိုးပမ်းသွားပါမည်ဖြစ်ကြောင်း၊ သို့ပါ၍ အဆိုအား မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က သတ်မှတ်အချိန်ကာလအတွင်း ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းအဖွဲ့**

*စာမျက်နှာ ၁၀ မှ*

ပျောက်ဆုံး/ ပျက်စီးသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ စတင်ဆောင်ရွက်သည့် ၂၀၂၆ ခုနှစ် မေ ၂၀ ရက်မှ ၂၀၂၆ ဩဂုတ် ၁၆ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား (၁,၀၁၇,၉၆၃)ကတ်ထုတ်ပေးခဲ့ပြီး UID ကောက်ယူမှုအနေဖြင့် (၁,၁၄၃,၇၉၄)ဦး ဆောင်ရွက်ပေးခဲ့ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စုအတွင်းရှိ လျှပ်စစ်မီးရရှိရန် ကျန်ရှိနေသော ကျေးရွာ(၃)ရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာ၊ ပြင်သာကျေးရွာနှင့် ရွှေပုထိုးကျေးရွာ ၃ ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၆၆/၁၁ကေဗွီ၊ ၁၀ အမ်ဗွီအေ ပင်းတယဓာတ်အားခွဲရုံ၏ ၁၁ကေဗွီ ထိုးပွံ့ဖီဒါဓာတ်အားလိုင်းမှ ချိတ်ဆက်၍ ဓာတ်အားဖြန့်ဖြူးပေးရမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာ၊ ပြင်သာကျေးရွာနှင့် ရွှေပုထိုးကျေးရွာ ၃ ရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာနှင့် ၄၀၀ ဗို့လိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) စောမြတ်ထွဋ်ဝင်း (ခ) ကိုဆွိ ၏ **ကရင်ပြည်နယ် လှိုင်းဘွဲ့နှင့် ဖာပွန်မြို့နယ်ကြား သံလွင်မြစ်ပေါ်တွင် တည်ဆောက်ရန် ရည်ရွယ်ထားသော ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းကြီးအား ပြန်လည်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် စူးစမ်းလေ့လာမှုဆက်လက်ပြုလုပ်ခဲ့ရာ တမံအောက်ခြေတွင် ထုံးကျောက်လိုဏ်များ တွေ့ရှိမှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီများမှ ၂၀၁၁ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် တင်ပြလာခဲ့ပါကြောင်း၊ ကုမ္ပဏီများဘက်မှ Karst အတွက် စူးစမ်းလေ့လာမှုပြုလုပ်ပြီးမှသာ စီမံကိန်းကုန်ကျစရိတ်များ တွက်ချက်တင်ပြနိုင်မည် ဖြစ်ပါကြောင်း ၂၀၁၃ ခုနှစ် ဇွန် ၅ ရက်တွင် ပြန်လည်တင်ပြခဲ့ပါကြောင်း၊ စီမံကိန်း၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအား ၂၀၁၄ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် တင်ပြခဲ့ပြီး၊ ယင်းနောက်ပိုင်း ကုမ္ပဏီများအနေဖြင့် စီမံကိန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဌာနသို့ သီးခြားဆက်သွယ်ဆောင်ရွက်ခြင်း မရှိပါကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ရန်မှာ စီမံကိန်းနေရာသို့ ဝင်ထွက်သွားလာနိုင်သည့်နေ့တွင် စူးစမ်းလေ့လာမှုလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ပြီး ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအစီရင်ခံစာတင်ပြနိုင်သည့်နောက်ပိုင်းမှသာ သိရှိနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း၏ **ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၏ အလျင်အမြန်တိုးတက်လာသည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို အချိန်မီဖြည့်ဆည်းနိုင်ရန်အတွက် တည်ဆောက်လျက်ရှိသော မအူပင် – ကျိုက်လတ် 66 KVA ဓာတ်အားလိုင်း သွယ်တန်းခြင်း၊ 66 KV ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား နှစ်တိုအတွင်း အချိန်မီအမြန်ဆုံးပြီးစီးရန် လိုအပ်နေပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစ၍ လုံလောက်သည့် ရန်ပုံငွေများအား တိုးမြှင့်ချထားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့အား ၂၃၀ ကေဗွီ ကျိုက်လတ်ပင်မဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ ကျိုက်လတ်-မအူပင် ဓာတ်အားလိုင်း ၂၂ ဒသမ ၃ မိုင်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ အဆိုပါဓာတ်အားလိုင်းတွင် ကြံ့ခိုင်မှုအားနည်းလာခြင်းနှင့် အရွယ်အစားသေးငယ်သည့် ACSR 70 $mm^2$ ကြိုးများ ပါဝင်နေသဖြင့် ဝန်အားသုံးစွဲမှုများသည့်အချိန်များတွင် ဝန်အားမနိုင်နင်းမှုနှင့် ဗို့အားကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

မအူပင်မြို့သည် ခရိုင်မြို့ဖြစ်ပြီး ဓာတ်အားသုံးစွဲမှုများပြားခြင်းနှင့် နောင်တွင် အကောင်အထည်ဖော်မည့် စက်မှုဇုန်နှင့် ဓာတ်အားတိုးတက်သုံးစွဲမှုများ ရှိလာမည်ဖြစ်ခြင်းတို့ကြောင့် ၃၃ ကေဗွီအစား ၆၆ ကေဗွီဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၆၆ ကေဗွီ ကျိုက်လတ်-မအူပင်ဓာတ်အားလိုင်း ၂၂ ဒသမ ၃ မိုင်အား 12 M Concrete H–Pole Suspension Type နှင့် ACSR 477 MCM ဖြင့် တည်ဆောက်ရန် စုစုပေါင်းခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၆,၅၁၂ ဒသမ ၈၄၈ သန်း ကုန်ကျမည်ဖြစ်ပြီး၊ Survey တိုင်းတာခြင်းနှင့် ပထမအဆင့်ပစ္စည်းဝယ်ယူခြင်းများအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၇၈၄,၆၀၀ သန်း နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၄၂၁ ဒသမ ၅၂၈ သန်းအား နှစ်အလိုက် လျာထား၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်ပစ္စည်းဝယ်ယူခြင်းနှင့် ဓာတ်အားလိုင်းအပြီးတည်ဆောက်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆက်လက်လျာထား၍ ရန်ပုံငွေခွင့်ပြုရရှိမှုအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၆၆ ကေဗွီ မအူပင်ဓာတ်အားခွဲရုံတည်ဆောက်ခြင်းအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရန်ပုံငွေခွင့်ပြုရရှိမှုအရ ဆက်လက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါက်တာ ကျော်ထွန်း၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိနိုင်စေရေးအတွက် ၂၃၀ ကေဗွီ နမ့်စန် – မိုင်းပျဉ်း – ကျိုင်းတုံ မဟာဓာတ်အားလိုင်းမှတစ်ဆင့် မိုင်းဖြတ်မြို့နယ်သို့ မဟာဓာတ်အားလိုင်း ချိတ်ဆက်သွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ စီမံကိန်းချမှတ်ဆောင်ရွက်မည့်ကာလနှင့် စီမံကိန်းစတင်ဆောင်ရွက်နိုင်မည့် ဘဏ္ဍာရေးနှစ်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ၂၀၂၀ ပြည့်နှစ်တွင် ၂၃၀ ကေဗွီ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ မဟာဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ မိုင်းပျဉ်းပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ကျိုင်းတုံပင်မဓာတ်အားခွဲရုံများအား တည်ဆောက်အကောင်အထည်ဖော်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ် စတင်ရောက်ရှိခဲ့ပါကြောင်း။

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့သည် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားရရှိပြီးဖြစ်သည့် ကျိုင်းတုံမြို့မှ ၅၁ မိုင် ကွာဝေးပါကြောင်း၊ မိုင်းဖြတ်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ၆၆ကေဗွီ ကျိုင်းတုံ-မိုင်းဖြတ် ဓာတ်အားလိုင်း မိုင် ၄၀ နှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ မိုင်းဖြတ် ဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ကိုရီးယားလွှတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် မြန်မာ-ကိုရီးယားလွှတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **မြန်မာ-ကိုရီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင်** ဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်နှင့် အတွင်းရေးမှူးအဖြစ် ဗိုလ်မှူး ဇော်ဝင်းထွဋ်တို့ အပါအဝင် အဖွဲ့ဝင် ခုနစ်ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ကိုရီးယားလွှတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏အမည်စာရင်းကို အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ အမည်ပြင်ဆင်ခြင်းကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ယင်းနောက် **အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦး**က အဆိုပြုဥပဒေ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(က)ကို ဥပဒေကြမ်းကော်မတီက အဆိုပြုပြဋ္ဌာန်းချက်အတိုင်းဟု လက်ခံထားရာ မိမိအနေဖြင့် ၎င်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်မမည်ဘဲ မူလစာသား၊ မူလအဓိပ္ပာယ်သာဖြစ်နေပါကြောင်း၊ ယင်းအပိုဒ်အား အထူးရှင်းလင်းရန်မလိုအပ်၍ ပယ်ဖျက်သင့်ပါကြောင်း၊ ထည့်သွင်းထားမည်ဆိုပါကလည်း ပိုပြင်ရှင်းလင်းသော ဖွင့်ဆိုချက်တစ်ရပ် အသစ်ရေးသင့်ပါကြောင်း၊ အဆိုပြုဥပဒေ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ခ) ကို ဥပဒေကြမ်းကော်မတီက ဝန်ဆောင်မှုလုပ်ငန်းနောက်တွင် အခြားလုပ်ငန်းကို ထပ်ဖြည့်ထားရာ အခြားလုပ်ငန်းဆိုသည်မှာ ရှင်းရှင်းလင်းလင်းမရှိပါကြောင်း၊ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဆက်ထားခြင်းဖြင့် လုံလောက်ပြည့်စုံသည်ဟု ယူဆပါကြောင်း။

အဆိုပြုဥပဒေကြမ်း အခန်း ၇၊ ပုဒ်မ ၁၃ ပါ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်ဟု ဖော်ပြထားခြင်းသည် မြန်မာစာဖြင့် လိုရင်းအဓိပ္ပာယ်ကို ကျစ်လျစ်သိပ်သည်းရှင်းလင်းစွာရေးသားထားခြင်းအပေါ် ဗဟိုကော်မတီ၏ သဘောတူချက်ရယူပြီး သတ်မှတ်ချက်နှင့်အညီဟူသောစကားရပ်ဖြင့် ထပ်မံအကျယ်ချဲ့ဖြည့်စွက်ရန်မလိုတော့ဟု ယူဆပါကြောင်း၊ အဆိုပြုဥပဒေကြမ်း အခန်း ၇၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဓ) တွင် ပြဋ္ဌာန်းထားသော သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသော ချေးငွေ၊ အတိုးမဲ့ချေးငွေများ ရရှိရန်နှင့် ပြန်လည်ပေးဆပ်ရန်မလိုသော အကူအညီငွေများ ထောက်ပံ့ပေးနိုင်ရန် ချေးငွေဆိုင်ရာ၊ သတင်းအချက်အလက်ဆိုင်ရာဌာနကို တည်ထောင်ခြင်း အပိုဒ်တွင် ကော်မတီမှ ပြန်လည်ပေးဆပ်ရန်မလိုသော အကူအညီငွေများ ထောက်ပံ့ပေးချေနိုင်ရေး စကားရပ်များကိုဖြုတ်ပယ်ရန် ဥပဒေကြမ်းကော်မတီ၏ သဘောထားမှတ်ချက်ကို သဘောမတူပါကြောင်း၊ ဥပဒေကြမ်း၏ ရည်ရွယ်ချက် ၆ ရပ်နှင့် အခြေခံမူ ၉ ချက်အရ အကျုံးဝင်နိုင်မည့် အသေးစားစီးပွားရေးလုပ်ငန်းများ၌ ပြန်လည်ပေးဆပ်ရန်မလိုသော ငွေကြေးအကူအညီပေးရေးလုပ်ငန်းများ လိုအပ်လာနိုင်သဖြင့် ဤစကားရပ်များကို အဆိုပြုပြဋ္ဌာန်းပါအတိုင်း ပြန်ထားသင့်ပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်သီတာဝင်းရွှေ**က အခန်း(၁) ပုဒ်မ(၂)၊ ပုဒ်မခွဲ (ည)ပါ၊ အေဂျင်စီ၏ အဓိပ္ပာယ်ဖော်ပြချက်ကို "အေဂျင်စီဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းကိုခေါ်သည်" ဟုပြင်ဆင်ရန် သင့်/မသင့် အကြံပြုတင်ပြအပ်ပါကြောင်း၊ အင်္ဂလိပ်စာအရေးအသားဖြည့်စွက်ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ အခန်း(၆) ပုဒ်မ (၁၁)၊ ပုဒ်မခွဲ ဌ၊ ဏ၊ ဗ၊ ဘ၊ အခန်း (၁၂) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (င)၊ အခန်း (၁၆) ခေါင်းစဉ်များတွင် မူလအဆိုပြုပြဋ္ဌာန်းချက်များတွင်ပါဝင်သည့် အင်္ဂလိပ်စာလုံးဖြင့် သုံးနှုန်းထားရှိမှုများကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်တွင် ပယ်ဖျက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် အခန်း (၁) ပုဒ်မ (၂) ပုဒ်မခွဲ (ဖ) တွင်မူ အင်္ဂလိပ်စာလုံးဖြင့် ဖြည့်စွက်သုံးနှုန်းထားသည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းတစ်ခုလုံးတွင် အင်္ဂလိပ်စာလုံးပါသည့် စကားရပ်များကို ပယ်ဖျက်ရန် (သို့မဟုတ်) ထည့်သွင်းမည်ဆိုလျှင်လည်း အဓိပ္ပာယ်ပိုမိုလေးနက်စေရန် မူလပြဋ္ဌာန်းချက်များအတိုင်းထားရှိရန် အကြံပြုတင်ပြအပ်ပါကြောင်း။

အခန်း(၃) အခြေခံမူများ၊ ပုဒ်မ(၄) ပုဒ်မခွဲ(ဆ)၏ မူလအဆိုပြုပြဋ္ဌာန်းချက်အပေါ် ဥပဒေကြမ်းကော်မတီမှ "နှင့်သက်ဆိုင်သော" စကားရပ်ကိုဖြည့်စွက်ထားရာ စကားလုံးနေရာအထားအသိုကြောင့် ပြင်ဆင်ချက် အဓိပ္ပာယ်မပေါ်လွင်ဘဲဖြစ်နေသည့်အတွက် "အလုပ်အကိုင်အခွင့်အလမ်းများနှင့် သက်ဆိုင်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်းနှင့် လုပ်ငန်းခွင်သင်တန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်ခြင်း"ဟု ဖော်ပြလျှင် ပိုမိုဆီလျော်မှန်ကန်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးပြည့်ဖြိုးစံ**က အခန်း ၅၊ ပုဒ်မ ၇ (က) ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် နံပါတ် ၃ တွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးဟု ရေးသားထားသည့်အပြင် ဘေးတွင်လည်း အဖွဲ့ဝင်များဟု ဖော်ပြထားသောကြောင့် အများကိန်းများဖြစ်ခဲ့ပါက ဝန်ကြီးများဟု ဖော်ပြသင့်ပါကြောင်း၊ အသစ်ဖြည့်စွက်ချက် နံပါတ် ၅ တွင် "သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်များ ဌာနများမှ ဒုတိယဝန်ကြီးများ" ဟု စကားလုံးများ ရောထွေးနေသဖြင့် စာသားကို ပိုမိုချောမွေ့အောင် ပြင်ဆင်လိုက်ပါက အဆင်ပြေမည်ဟု ထင်မြင်မိပါကြောင်း၊ အလားတူ ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲငယ်(ဖ) တွင်လည်း ရှေ့က စကားပျိုး မရှိဘဲ "ကြီးထွားလာစေရေး" ဟူ၍ အဆက်အစပ်မရှိဖြစ်နေပါသဖြင့် ဆိုလိုရင်းအဓိပ္ပာယ်တစ်ခုခု သက်ရောက်စေမည့် စာညွှန်းတစ်ခုကို ရှေ့က ထည့်လိုက်ပါက ပိုမိုဆီလျော်မည်ဟု ယူဆမိပါကြောင်း။

ဥပဒေပုဒ်မ ၂၇ (က)တွင် စွန့်ဦးတီထွင်မှုနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သည့် "အခွန်လျှော့ပေါ့ကောက်ခံခြင်း" ကို ပယ်ဖျက်ထားသကဲ့သို့ ဥပဒေ ပုဒ်မ ၂၈ (က) တွင်လည်း အစပျိုးစီးပွားရေးလုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် မူကြမ်းတွင်ပါသည့် "လုပ်ငန်းစတင်သည့်နေ့မှ (၃) နှစ်အထိ အခွန်ကင်းလွတ်ခွင့်ပေးခြင်း" အား ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားသည်ကိုတွေ့ရပါကြောင်း၊ နိုင်ငံသားများ လုပ်ငန်းစတင်ရာတွင် ဝန်မပိစေရန်နှင့် စေတနာအပြည့်နှင့် အကာအကွယ်ပေးနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်းအချက်များကို ပြန်လည်စဉ်းစားပြီး မူရင်းဥပဒေမူကြမ်းပါ အခွန်ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့ခွင့်များကို အခွန်ဥပဒေများနှင့် ညှိနှိုင်းပြီး ပြန်လည်ထည့်သွင်းပေးပါရန် တောင်းဆိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၁၁) ဒေါ်ဇင်ပပဦးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် အသေးစိတ်ဖော်ပြပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးနဝမနေ့ကို အောက်တိုဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီ (၁/၂၀၂၆) အစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးစီးကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ ဇေယျာသီရိခရိုင်၊ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်၊ ဥတ္တရသီရိခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ စိုက်ပျိုးရေး၊မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း **(အပေါ်ယာပုံ)** က နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် မေ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေး၌ ချမှတ်ပေးခဲ့သော လမ်းညွှန်ချက်များနှင့်အညီ နေပြည်တော်ကို ဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်အပါအဝင် သက်ဆိုင်ရာ ခရိုင် ၇ ခုတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန်နှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ထို့ပြင် နေပြည်တော်အား Green City, Clean City, Smart City ဖြစ်လာစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်လုပ်မှုများတွင် စံပြဒေသဖြစ်လာစေရန်၊ ကျေးလက်ဖွံ့ဖြိုးရေးမူ ၅ ချက်နှင့်အညီ ကျေးရွာများ၏ လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ သီးထပ်စိုက်ပျိုးရေးနှင့် မြေယာများကို အကျိုးရှိစွာအသုံးချရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို အခြေခံသည့် Agro-based Industry နှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရမည်းသင်းခရိုင်တွင် စပျစ်စိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့ရေး၊ မိတ္ထီလာခရိုင်တွင် ဝါအခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေး၊ တောင်ငူခရိုင်တွင် ဒေသနှင့်ကိုက်ညီသောဘဲမွေးမြူရေးလုပ်ငန်းများ ဖော်ဆောင်ရေးတို့ကို ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ထို့အပြင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ အသား၊ ဥနှင့် နို့ထွက်ပစ္စည်းများ ပြည်တွင်းဖူလုံရေး၊ မွေးမြူရေးသွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ မြေဩဇာနှင့်ရေကို စနစ်တကျအသုံးပြုရေး၊ မျိုးစေ့ထုတ်လုပ်ရေးနှင့် အကျိုးတူ လယ်ယာစနစ်များကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့အတူ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်များတွင် နွေရာသီရေရှားပါးမှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံခြင်း၊ ဆည်နှင့်တာတမံများမှရေကို အကျိုးရှိစွာအသုံးချခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်နှင့် မြို့နယ်များတွင် စနစ်ကျသော Town Plan များ ရေးဆွဲအကောင်အထည်ဖော်ပြီး အများပြည်သူအပန်းဖြေနိုင်သည့် ပန်းခြံများ၊ စိမ်းလန်းစိုပြည်ရေးဇုန်များ တိုးချဲ့ခြင်း၊ သစ်တောနှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ စွန့်ပစ်ရေများကို စနစ်တကျ သန့်စင်ပြန်လည်အသုံးပြုခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးနှင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍသည် အရေးပါသည့်အတွက် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး၊ ဒေသထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရေးတို့အတွက် ဆက်သွယ်ရေးအခြေခံ အဆောက်အအုံများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အလားတူ အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်၊ ရေရှားပါးမှုနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အခက်အခဲများကို ကြိုတင်ကာကွယ်နိုင်ရန် သောက်သုံးရေနှင့် စိုက်ပျိုးရေများကို ချွေတာသုံးစွဲခြင်း၊ ရေသိုလှောင်စုဆောင်းခြင်း၊ စားရေရိက္ခာများ ကြိုတင်ပြင်ဆင်ထားရှိခြင်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မပြတ်တောက်စေရေး စီမံဆောင်ရွက်ခြင်းတို့ကို အလေးထား လုပ်ဆောင်ရန် လိုအပ်ပါကြောင်း။

ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများအလိုက် စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ခရိုင် ၇ ခုလုံးတွင် ဒေသ၏ အားသာချက်များကိုအခြေခံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်လုပ်မှုတိုးတက်ရေး၊ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာရေးတို့ကို ဦးတည်ပြီး သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းကော်မတီများနှင့် ဒေသခံပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးကော်မတီအတွင်းရေးမှူး နေပြည်တော်ကောင်စီဝင်က စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် သာမန်ဖွံ့ဖြိုးမှုမဟုတ်ဘဲ အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အမှန်တကယ် အကောင်အထည်ပေါ်လာစေရန် ဦးစားပေးနယ်မြေများကို စနစ်တကျသတ်မှတ်ရန်နှင့် ဈေးကွက်ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ ကိန်းဂဏန်းများမှန်ကန်စေရေးနှင့် မြေပြင်တွင် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ပံ့ပိုးပေးသွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့်မွေးမြူရေး ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် ဒေသအလိုက် အားသာသည့် ထုတ်ကုန်များ တိုးတက်အောင်ဆောင်ရွက်သွားရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည့်အခြေအနေ၊ နေပြည်တော်ကိုဗဟိုပြု၍ ကုန်စည်၊ စုဆောင်း၊ ဖြန့်ဖြူး၊ သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးဝန်ဆောင်မှုဗဟိုအဖြစ် အကောင်အထည်ဖော်သွားနိုင်မည့်အခြေအနေ၊ ကျေးလက်ဝင်ငွေတိုးတက်ရေးနှင့် စံနမူနာပြကျေးရွာများထူထောင်၍ ဒေသတွင်းဈေးကွက်တည်ငြိမ်ရေး ဆောင်ရွက်သွားမည့်အခြေအနေ၊ အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူအဖွဲ့အစည်းများပူးပေါင်း၍ ရေရှည်တည်တံ့သော အထူးဒေသကြီးဖြစ်လာစေရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍဆိုင်ရာများ Green , Clean , Smart City ဖြစ်စေရေး ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးများနှင့် သက်ဆိုင်ရာခရိုင်အလိုက် တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌက ဒေသအလိုက် အားသာချက်များကို ထိရောက်စွာအသုံးချခြင်း၊ အချက်အလက်မှန်ကန်မှုအပေါ်အခြေခံစီမံခြင်း၊ ရာသီဥတုဆိုင်ရာ အန္တရာယ်များကို ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးကြပ်အကောင်အထည်ဖော်ခြင်းတို့ဖြင့် အထူးဖွံ့ဖြိုးရေးဒေသများ၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို ခရိုင်အလိုက် အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# "မြန်မာ့လက်ဖက်ယဉ်ကျေးမှု"ကို လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ဆက်လက်တင်သွင်းနိုင်ရေး ယူနက်စကိုသို့ အဆိုပြုလွှာပေးပို့ထား



**နေပြည်တော် အောက်တိုဘာ ၉**

"မြန်မာ့လက်ဖက်ယဉ်ကျေးမှု" ကို ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ၂၀၂၆ ခုနှစ်၊ မတ် ၂၀ ရက်တွင် ယူနက်စကိုသို့ အဆိုပြုလွှာပေးပို့ထားပြီး "ထမနဲယဉ်ကျေးမှုဓလေ့"နှင့် "လွန်းရာကျော်ကြိုးကြီးချိတ်" လုပ်ငန်းတို့ကို လာမည့်နှစ်များတွင် ယူနက်စကိုသို့ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း ဆက်လက်တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၅) ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးမှ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး မှီတင်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အမျှ ဒြပ်ရှိနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ စုံလင်စွာတည်ရှိခြင်းသည် လူမျိုးတစ်မျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် မေ ၇ ရက်တွင် UNESCO ၏ ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်းလည်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပညာရှင်အဖွဲ့ဥက္ကဋ္ဌတို့က အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများ၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ ညှိနှိုင်းအစည်းအဝေးရလဒ်များ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဒေသအလိုက်၊ ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်စပ်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဆောင်းပါး

# ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ

အေမီ

**ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကို စတင်တည်ထောင်ခဲ့ပါသည်။**




အဆိုပါ အထူးအထိမ်းအမှတ်နေ့ကို အစွဲပြု၍ နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့ကို “ကမ္ဘာ့စားနပ်ရိက္ခာနေ့” (World Food Day) အဖြစ် သတ်မှတ်ရန်နှင့် နှစ်စဉ်ကျင်းပရန် ဟန်ဂေရီနိုင်ငံ၏ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဝန်ကြီးဟောင်းဖြစ်သူ ဒေါက်တာပါလ်ရိုမန်နီ (Dr. Pál Romány) က ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော အကြိမ် (၂၀) မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သို့ အဆိုပြုတင်သွင်းခဲ့ရာ ၎င်း၏ အဆိုပြုချက်ကို ညီလာခံမှ သဘောတူခဲ့ကြသည်။

ပထမအကြိမ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ၁၉၈၁ ခုနှစ်မှစတင်ကာ ကမ္ဘာတစ်ဝန်း၌ ကျင်းပခဲ့ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပရာတွင်လည်း ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသော ဆာလောင်မွတ်သိပ်မှု၊ ဆင်းရဲနွမ်းပါးမှုနှင့် အာဟာရချို့တဲ့မှု ပြဿနာများကို သိရှိနားလည်ပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများဖော်ထုတ်နိုင်ရန်၊ စိုက်ပျိုးရေး ထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာစေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များကို ကျင့်သုံးရန်နှင့် အစားအစာ ထုတ်လုပ်ဖြန့်ဖြူးမှု မညီမျှခြင်းများကို ဖြေရှင်းရန် တိုက်တွန်းနိုးဆော်ရန်၊ စားရေရိက္ခာဖူလုံရေးအတွက် အစိုးရများ၊ ပုဂ္ဂလိကများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ကြပါသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၅၀ ကျော်တွင် နှစ်စဉ်ကျင်းပလေ့ရှိသော အရေးပါဆုံးသော ကုလသမဂ္ဂအထိမ်းအမှတ်နေ့များထဲမှ တစ်ခုဖြစ်လာခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိသော စားရေရိက္ခာစနစ်များ ဖော်ဆောင်ရေးနှင့် “Zero Hunger” (ဆာလောင်မွတ်သိပ်မှု ကင်းစင်ရေး) ပန်းတိုင်ကို အကောင်အထည်ဖော်ရန် နှစ်စဉ် ကမ္ဘာ့ဆောင်ပုဒ်အသစ်များဖြင့် လှုံ့ဆော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် “လူသားအရည်အသွေးဖွံ့ဖြိုးတိုးတက်မှု” သည် အဓိကအုတ်မြစ်ဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ပညာထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန်မှာ နိုင်ငံသားအားလုံး အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအပေါ်တွင် များစွာမူတည်နေပါသည်။

ထို့ကြောင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်ဖြစ်သော “ယနေ့ တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ” (Innovate today. Nourish tomorrow.) ဆိုသည့် ဆောင်ပုဒ်သည် လက်ရှိကာလအတွက် အလွန်ပင် အဓိပ္ပာယ်ပြည့်ဝပြီး လက်တွေ့လုပ်ဆောင်ရန် တိုက်တွန်းနှိုးဆော်ထားသည့် ဦးတည်ချက်ကောင်းတစ်ရပ်ပင် ဖြစ်ပါသည်။

၎င်းဆောင်ပုဒ်၏ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်၏ အခြေခံစီးပွားရေး မောင်းနှင်အားဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် ခေတ်မီနည်းပညာများနှင့် တီထွင်ဆန်းသစ်မှုများကို တိုးမြှင့်ဖော်ဆောင်သွားကြရန် အရေးကြီးပေသည်။

> **“ စားသုံးသူများအတွက် ဘေးကင်းလုံခြုံသော အသား၊ နို့၊ ဥများကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိရစ္ဆာန်အစာအာဟာရဖော်စပ်မှုတွင် ဆန်းသစ်သောနည်းပညာများကို အသုံးပြုခြင်း၊ ရောဂါကင်းရှင်းပြီး စံချိန်မီသည့် တိရစ္ဆာန်မွေးမြူရေးခြံစနစ်များကို ကျင့်သုံးခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ပြင် မွေးမြူရေးထွက်ကုန်များကို ရိုးရိုးအသားအဖြစ် ရောင်းချရုံသာမက ပြည်သူများ အလွယ်တကူစားသုံးနိုင်ပြီး အာဟာရမဆုံးရှုံးစေရန် တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် တီထွင်ထုတ်လုပ်ရန်လိုအပ် ”**

ကမ္ဘာတစ်ဝန်းတွင် လူဦးရေခန့်မှန်းခြေ ၆၇၃ သန်း (ကမ္ဘာ့လူဦးရေ၏ ၈ ဒသမ ၂ ရာခိုင်နှုန်းခန့်) သည် စားရေရိက္ခာမလုံလောက်မှုနှင့် ဆာလောင်မွတ်သိပ်မှုကို တိုက်ရိုက်ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ ပုံမှန်အာဟာရပြည့်ဝသော အစားအစာများကို လုံလောက်စွာမစားသုံးနိုင်ဘဲ အစားအစာအရည်အသွေးနှင့်ပမာဏကို လျှော့ချစားသုံးနေရသူ စုစုပေါင်း ကမ္ဘာ့လူဦးရေ၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိပြီး လူဦးရေအားဖြင့် ၂ ဒသမ ၁ ဘီလီယံ (သန်း ၂၁၀၀) ကျော်အထိ ရှိနေပါသည်။ အာဖရိကတိုက်သည် ကမ္ဘာပေါ်တွင် စားရေရိက္ခာ အကျပ်အတည်း အဆိုးရွားဆုံး ရင်ဆိုင်နေရသည့်ဒေသဖြစ်ပြီး လူဦးရေ ၃၀၇ သန်းခန့် (အာဖရိကတိုက် လူဦးရေ၏ ၂၀ ဒသမ ၀ ရာခိုင်နှုန်း) သည် ဆာလောင်မွတ်သိပ်မှုကို ခံစားနေရပါသည်။

လူဦးရေသိပ်သည်းဆများပြားသည့် အာရှတိုက်တွင် လူဦးရေ ၂၈၂ သန်းခန့် (အာရှတိုက်လူဦးရေ၏ ၆ ဒသမ ၀ ရာခိုင်နှုန်း) သည် ဆာလောင်မွတ်သိပ်မှုဒဏ်ကို ခံစားနေရဆဲဖြစ်ပြီးဒေသအလိုက် တိုးတက်မှုများရှိသော်လည်း လူဦးရေအရေအတွက်အရ သိသာထင်ရှားဆဲဖြစ်ပါသည်။

လက်တင်အမေရိကနှင့် ကာရေဘီယံဒေသသည် လူဦးရေ ၃၂ သန်းခန့် (လက်တင်အမေရိကနှင့် ကာရေဘီယံဒေသလူဦးရေ၏ ၄ ဒသမ ၈ ရာခိုင်နှုန်း) သည် ဆာလောင်မွတ်သိပ်မှုကို ရင်ဆိုင်နေရပြီး မကြာသေးမီနှစ်များအတွင်း စားရေရိက္ခာဖူလုံရေး အခြေအနေများ တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရပါသည်။

ကမ္ဘာပေါ်တွင် လူပေါင်း ၂ ဒသမ ၁ ဘီလီယံကျော်မှာ စားရေရိက္ခာမလုံလောက်မှုဒဏ်ကို ပုံစံအမျိုးမျိုးဖြင့် ခံစားနေကြရပြီး အထူးသဖြင့် အာဖရိကနှင့် အာရှတိုက်တို့သည် လူဦးရေထူထပ်မှုနှင့် ရာသီဥတုဒဏ်ခံရမှုများကြောင့် စားရေရိက္ခာ အကျပ်အတည်းကို အကြီးမားဆုံးရင်ဆိုင်နေရသော ဒေသများဖြစ်ကြပါသည်။

အာဆီယံသည် ကမ္ဘာ့စပါးကျီကြီးများထဲတွင် ပါဝင်သော်လည်း ရာသီဥတုဖောက်ပြန်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ပြတ်တောက်ခြင်းနှင့် စီးပွားရေးမတည်ငြိမ်မှုများကြောင့် အချို့သောနိုင်ငံများတွင် စားရေရိက္ခာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှု (ဥပမာ - ကလေးငယ်များ ကိုယ်အလေးချိန်ကျခြင်း၊ အရပ်ပုခြင်း) ပြဿနာများကို အဓိကရင်ဆိုင်နေရဆဲဖြစ်ပါသည်။

စင်ကာပူနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံကဲ့သို့သော နိုင်ငံများတွင် စားရေရိက္ခာနှင့် အာဟာရပြဿနာ အလွန်နည်းပါးသော်လည်း လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ မြန်မာနှင့် အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံများမှာမူ ရာသီဥတုဒဏ်၊ သွင်းအားစု ကုန်ကျစရိတ်ကြီးမြင့်မှုနှင့် အာဟာရချို့တဲ့မှုဆိုင်ရာ စိန်ခေါ်မှုများကို ပုံစံအမျိုးမျိုးဖြင့် ဆက်လက်ရင်ဆိုင်နေကြရဆဲ ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံသားများအတွက် အခြေခံစားသုံးကုန်များကို ထောက်ပံ့ပေးနေရုံသာမက အာဟာရဓာတ်ကြွယ်ဝသည့် သီးနှံများကိုပါ တိုးမြှင့်ထုတ်လုပ်ပေးရပါသည်။ ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝသော ဆန်စပါး၊ ပဲမျိုးစုံနှင့် ပြောင်း စသည့်သီးနှံမျိုးကောင်းမျိုးသန့်များကို **ဇီဝကြွယ်ဝစေခြင်း (Bio-fortification) နည်းပညာ** ဖြင့် သုတေသနပြု ထုတ်လုပ်စိုက်ပျိုးခြင်းဖြင့် လူထုအတွင်း အာဟာရချို့တဲ့မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး အာဟာရတန်ဖိုးမြင့်မားသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို စနစ်ကျသောစိုက်ပျိုးရေး (Smart Agriculture) နည်းလမ်းများဖြင့် တိုးချဲ့စိုက်ပျိုးသင့်ပါသည်။ ဓာတုပစ္စည်းသုံးစွဲမှုကို လျှော့ချကာ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် စိုက်ပျိုးရေးထွက်ကုန်များ (Safe Food)ကို ထုတ်လုပ်ရန်အတွက် မျိုးစေ့မှသည် ရိတ်သိမ်းပြီး နောက်ပိုင်း နည်းပညာများအထိ တီထွင်ဆန်းသစ်မှုများကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

လူသားတို့၏ ဦးနှောက်နှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမြင့် တိရစ္ဆာန်ထွက် ပရိုတင်းဓာတ်များ မရှိမဖြစ်လိုအပ်ပါသည်။ ထို့ကြောင့် အသား၊ နို့နှင့် ဥထွက်နှုန်းကောင်းမွန်ပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသော တိရစ္ဆာန်မျိုးများကို မျိုးဗီဇထိန်းသိမ်းခြင်းနှင့် မျိုးကောင်းမျိုးသန့်ရရှိစေရေး သုတေသနပြုလုပ်ခြင်းတို့ဖြင့် တိုးမြှင့်မွေးမြူရမည်ဖြစ်ပါသည်။

စားသုံးသူများအတွက် ဘေးကင်းလုံခြုံသော အသား၊ နို့၊ ဥများကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိရစ္ဆာန်အစာအာဟာရ ဖော်စပ်မှုတွင် ဆန်းသစ်သော နည်းပညာများကို အသုံးပြုခြင်း၊ ရောဂါကင်းရှင်းပြီး စံချိန်မီသည့် တိရစ္ဆာန်မွေးမြူရေးခြံစနစ်များကို ကျင့်သုံးခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ပြင် မွေးမြူရေးထွက်ကုန်များကို ရိုးရိုးအသားအဖြစ် ရောင်းချရုံသာမက ပြည်သူများ အလွယ်တကူစားသုံးနိုင်ပြီး အာဟာရမဆုံးရှုံးစေရန် တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် တီထွင်ထုတ်လုပ်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ရေထွက်ပစ္စည်းများသည် ပြည်သူများအတွက် အဓိကကျသော အာဟာရနှင့် ပရိုတင်းဓာတ် ရင်းမြစ်တစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ ရေလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့စွာ ထုတ်လုပ်နိုင်ရေးအတွက် သဘာဝရေအရင်းအမြစ်များ ထိန်းသိမ်းသည့်အပြင် စနစ်ကျသော ငါးမွေးမြူရေးကန်များ တည်ဆောက်ပြီး ငါး၊ ပုစွန်များ မွေးမြူရာတွင်လည်း ရေအရည်အသွေးထိန်းသိမ်းခြင်း၊ အစာကျွေးရာတွင် နည်းပညာအသစ်များ အသုံးပြုခြင်းဖြင့် အရည်အသွေးကောင်းမွန်သော ထွက်ကုန်များရရှိပေမည်။

ငါးသယံဇာတမပြုန်းတီးစေရန် ရေချိုနှင့်ရေငန် ငါးသားပေါက်ဖမ်းဆီးခြင်း၊ စည်းကမ်းမဲ့ ငါးဖမ်းဆီးမှုများကို တားဆီးကာ တာဝန်ယူမှုရှိသော ရေလုပ်ငန်းစနစ်များကို တီထွင် ဖော်ဆောင်ရပါမည်။ ဖမ်းဆီးရရှိလာသော ရေထွက်ပစ္စည်းများကို အာဟာရဓာတ်မဆုံးရှုံးဘဲ စားသုံးသူလက်ဝယ်သို့ လတ်ဆတ်စွာ ရောက်ရှိနိုင်ရေးအတွက် ခေတ်မီအအေးခန်းစနစ်များနှင့် သန့်ရှင်းသော ထုပ်ပိုးမှုနည်းပညာများကို အသုံးချရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် **“ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ”** ဆိုသည့် ဆောင်ပုဒ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ ပညာရှင်များနှင့် တောင်သူလယ်သမား ညီအစ်ကိုမောင်နှမများအားလုံး လက်တွဲညီညီဖြင့် ရှေ့သို့ချီတက်ကြရန် နှိုးဆော်နေခြင်းပင် ဖြစ်ပါသည်။

ခေတ်မီနည်းပညာများကို တီထွင်ဆန်းသစ် အသုံးချခြင်းဖြင့် စားရေရိက္ခာဖူလုံမှုကို ရရှိစေရုံသာမက နောင်လာမည့် အနာဂတ်မျိုးဆက်သစ်များအတွက် ကျန်းမာကြံ့ခိုင်ပြီး အာဟာရပြည့်ဝသည့်ဘဝများကို ဖန်တီးပေးနိုင်မည် ဖြစ်ပါကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အဖြစ် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဓနုဖြူမြို့နယ် ဖက်သောင်-သဘောသပြု-သုံးခွ ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

**နေပြည်တော် အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေ ၁၃၀၁ အိမ်၊ လူဦးရေ ၅၈၀၀ ကျော် အကျိုးပြုပေးနိုင်မည့် ဖက်သောင်-သဘောသပြု-သုံးခွ ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းလုပ်ငန်းများပြီးစီးမှုကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ဒေသခံအသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ရေကြီးနစ်မြုပ်မှုများကြောင့် ပျက်စီးသွားသောစိုက်ကွက်များတွင် ဒေသနှင့်ကိုက်ညီပြီး ဖြစ်ထွန်းအောင်မြင်သည့် သီးနှံများကို အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် မျိုး၊ သွင်းအားစုနှင့် စက်သုံးဆီများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ် သမဝါယမအသင်းသားတောင်သူများအနေဖြင့် တစ်ကွင်းတစ်ဆက်တည်းရှိသော လယ်ကွင်းများတွင် စနစ်ကျသော စုပေါင်းစိုက်ပျိုးမှုဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဦးတည်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာရှိ စာရေးကွင်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူများ၏ ရေကြီးနစ်မြုပ်ပျက်စီးကွက်များတွင် ပြန်လည်စိုက်ပျိုးနိုင်ရေး မျိုးစေ့၊ သွင်းအားစုနှင့် ထွန်ယက်ဆီများကို ထောက်ပံ့ပေးအပ်ပြီး အသင်းသားတောင်သူ ဦးဌေးအောင်၏ မိုးစပါးစိုက်ခင်းတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းဆောင်ရွက်နေမှု၊ ရေကြီးနစ်မြုပ်ခဲ့သော စိုက်ကွက်များ၌ ပြန်လည်စိုက်ပျိုးနိုင်ရေး အသင်းပိုင်ထွန်စက်များဖြင့် ထွန်ယက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် လေးမျက်နှာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဦးစီးဌာနအချင်းချင်း အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ကုန်နှင့် ချီးမြှင့်ငွေများ ထောက်ပံ့ပေးသည်။



အလားတူ လေးမျက်နှာမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် ပေါက်ကုန်းကျေးရွာအဝင်လမ်း ပြန်လည်ပြင်ဆင်နေမှု၊ အိုင်သပြုကျေးရွာ၌ ရွှံ့လျှားရေသန့်စင်ကားဖြင့် သောက်သုံးရေသန့် ဖြန့်ဝေပေးနေမှု၊ ရှမ်းရွာ-ကျောင်းစု- ရေနောက် ကျေးရွာချင်းဆက်လမ်းပိုင်း ပြန်လည်ပြုပြင်နေမှု၊ ချုပ်ကလေး(တောင်)ကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကြီးနစ်မြုပ်သွားသော စက်တပ်တုံကင်တွင်းများနှင့် တွင်းတိမ်များကို ရေကြောင့်ဖြစ်ပွားတတ်သောရောဂါများ မကျရောက်စေရေး တွင်းဆေးလေမှုတ်ဆောင်ရွက်ပေးနေမှု၊ ခမောက်စုကျေးရွာ ကုန်ထုတ်လမ်းပျက်စီးနေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည့် လေးမျက်နှာ၊ ဟင်္သာတ၊ ကျုံပျော်၊ ကျောင်းကုန်း၊ ရေကြည် စသည့်မြို့နယ် ငါးမြို့နယ်မှ ကျေးရွာ ၃၃၃ ရွာရှိ စက်ရေတွင်း ၈၇၃ တွင်း၊ လက်နှိပ်တုံကင်တွင်း ၇၈၄ တွင်းကို တွင်းဆေးလေမှုတ်သန့်စင်ခြင်းနှင့် ရေတွင်း ၅၈၇၆ တွင်းအား ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အစိုးရ၏ Online ဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိက Online ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူ အသုံးပြုလျက်ရှိသော ပုဂ္ဂလိကဒီဂျစ်တယ် ငွေပေးချေမှုစနစ်တို့အပေါ် ဆိုက်ဘာတိုက်ခိုက်ခဲ့သူအား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ပိုမိုမြန်ဆန် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးအား အကောင်အထည်ဖော်လျက် ရှိသည်။ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ရသော အစိုးရ၏ဝန်ဆောင်မှုများ၊ ဌာနဆိုင်ရာများအကြား ချိတ်ဆက် ဆောင်ရွက်သည့် ကွန်ရက်စနစ်များ အပါအဝင် ပြည်သူ့ဝန်ဆောင်မှု ပေးသည့် ပလက်ဖောင်းများနှင့် ဒီဂျစ်တယ် အခြေခံအဆောက်အအုံများအား စနစ်တကျ တည်ဆောက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိက Online ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပုဂ္ဂလိက ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။



ဖမ်းဆီးရမိသည့် ဆိုက်ဘာတိုက်ခိုက်မှုများ ကျူးလွန်ခဲ့သူ တရားခံ ဝေဖြိုးအောင် (ခ) အောင်မျိုး၊ ၃၆ နှစ်၊ (ဘ) ဦးလှကြည်။

e-Government စနစ်အား ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များ၊ ဆိုက်ဘာ အရင်းအမြစ်များနှင့် အရေးကြီး သတင်းအချက်အလက်ဆိုင်ရာ အခြေခံလုပ်ငန်းများကို ခွင့်ပြုချက်မရှိဘဲ ရယူမှု၊ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ထုတ်ဖော်ရေးသားမှု၊ ပေးပို့ဖြန့်ဝေမှုများ လုပ်ဆောင်လျက်ရှိသည့် ဆိုက်ဘာရာဇဝတ်မှုပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်၍ ဆိုက်ဘာလုံခြုံရေးဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ်အတွင်း အစိုးရဌာနဆိုင်ရာကွန်ရက်များ၊ ပုဂ္ဂလိက Online ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပုဂ္ဂလိကဒီဂျစ်တယ်ငွေပေးချေမှုစနစ်အချို့တို့သည် ဆိုက်ဘာတိုက်ခိုက်မှုများ ခံခဲ့ရပြီး ဝန်ဆောင်မှုသုံးစွဲသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား ဆိုက်ဘာတိုက်ခိုက်သူများမှ ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်း၊ Online မှတစ်ဆင့် ဖြန့်ဝေ၍ ခြိမ်းခြောက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသဖြင့် စိစစ်ဖော်ထုတ်၍ ဖမ်းဆီးအရေးယူနိုင်ရေးဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်တွင် ဆိုက်ဘာတိုက်ခိုက်မှုများ ကျူးလွန်ခဲ့သူ ဝေဖြိုးအောင်(ခ) အောင်မျိုးအား ဖမ်းဆီးရမိခဲ့ပါသည်။

ဆိုက်ဘာ တိုက်ခိုက်မှု ကျူးလွန်ခဲ့သူ တရားခံ ဝေဖြိုးအောင် (ခ)အောင်မျိုးသည် ၂၀၂၆ ခုနှစ်၊ ဇွန်လ ပထမပတ်ခန့်တွင် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာကောလိပ် တစ်ခုမှ ကျောင်းသားများ၏ Account များမှ အချက်အလက်များနှင့် မြန်မာနိုင်ငံအခြေစိုက် အလုပ်အကိုင်ရှာဖွေရေး Website တစ်ခုမှ အချက်အလက်များအား လည်းကောင်း၊ ဇွန်လ ဒုတိယပတ်ခန့်တွင် မြန်မာနိုင်ငံအခြေစိုက် ပြည်ပတက္ကသိုလ်တစ်ခုမှ ကျောင်းသားများ၏ အချက်အလက်များအား လည်းကောင်း၊ ဇူလိုင်လ ဒုတိယပတ်ခန့်တွင် မော်တော်ယာဉ်ငှားရမ်းခြင်း အကျိုးဆောင်လုပ်ငန်း Website တစ်ခုမှ အချက်အလက်များအား လည်းကောင်း၊ ဩဂုတ်လ ဒုတိယပတ်ခန့်တွင် Telecom Website တစ်ခုမှ အချက်အလက်များနှင့် ပုဂ္ဂလိက ဒီဂျစ်တယ်ငွေပေးချေမှုစနစ် တစ်ခု၏ Website မှ အချက်အလက်များအားလည်းကောင်း၊ စက်တင်ဘာလ ပထမပတ်ခန့်တွင် အစိုးရ၏ Online ဝန်ဆောင်မှု Website တစ်ခုမှ အချက်အလက်များအားလည်းကောင်း ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်၍ အချက်အလက်များအား တရားမဝင်ရယူကာ ၎င်းအချက်အလက်များအား ပြန်လည်ရယူစေရန် ခြိမ်းခြောက်၍ ငွေကြေးတောင်းခံရယူခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား Online မှတစ်ဆင့် ဖြန့်ဝေခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် e-Government စနစ်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိရာ ထိုကဲ့သို့ ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်၍ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား တရားမဝင်ရယူခြင်း၊ ပြန်လည်ရယူစေရန် ငွေကြေးများ ခြိမ်းခြောက်တောင်းခံခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား Online မှတစ်ဆင့် ဖြန့်ဝေ၍ ခြိမ်းခြောက်ခြင်းများသည် နိုင်ငံတော်အစိုးရ၏ e-Government စနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မှုများနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအား များစွာ သက်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဆိုက်ဘာရာဇဝတ်မှု ကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိ တရားခံဝေဖြိုးအောင်(ခ)အောင်မျိုးအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

မိဘပြည်သူများ အနေဖြင့်လည်း နိုင်ငံတော်အစိုးရမှ e-Government စနစ်ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ သတင်းအချက်အလက် အခြေခံအဆောက်အအုံများ၊ ပုဂ္ဂလိက Online ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိက ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များအား ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက် ရှိသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်းနှင့် e-Government စနစ်တွင်ပါဝင်သည့် Online ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ဆိုက်ဘာတိုက်ခိုက်ခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ သတင်းအချက်အလက်များအား ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်၍ ခိုးယူခြင်း၊ ၎င်းအချက်အလက်များအား ငွေကြေးများဖြင့် ပြန်လည်ရယူစေရန် ခြိမ်းခြောက်တောင်းခံခြင်း၊ တရားမဝင်ခိုးယူရရှိထားသည့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ အချက်အလက်များနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား Online မှ တစ်ဆင့် ဖြန့်ဝေ၍ ခြိမ်းခြောက်သူများကိုလည်း ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

(၁၀၀)

## မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာစီမံကိန်းအတွက် ဆွေးနွေး



**လှိုင်ကော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စီမံကိန်းအတွက် ကယားပြည်နယ်ဥပဒေရေးရာ လုပ်ငန်းဆပ်ကော်မတီ၏ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ကယားပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေရေးရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ် ဦးဝင်းနိုင်က ပြည်နယ်အတွင်း ကလေးအလုပ်သမားပပျောက်ရေးအတွက် ဥပဒေအသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး ပြည်နယ်ဥပဒေအရာရှိ ဦးကျော်မင်းနိုင်က ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ တက်ရောက်သူများ၏ ဝိုင်းဝန်းဆွေးနွေး အကြံပြုချက်များအပေါ် ဆပ်ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီတို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၂-၄-၂၀၂၆ တွင် ကမ်းလှမ်းဖိတ်ခေါ်ထားရှိသည်။

ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပူးပေါင်းပါဝင်ဆွေးနွေးလိုသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီတို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်၊ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ဆေစိုင်းကမ်၊ အတွင်းရေးမှူး စဝ်ဆေစိုင်းထူး၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် စဝ်ဆေအောင်ထွန်း နှင့် စဝ်ဆေကောင်းဆိုင်၊ တွဲဖက်အတွင်းရေးမှူး စဝ်ဆေဝမ်းဖှတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီနှင့် နေပြည်တော်၌ တရားဝင်တွေ့ဆုံမှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ဒေသတွင်း အကြမ်းဖက်အဖွဲ့များ မရှိစေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့လက်နက်ကိုင်အဖွဲ့များသည် နယ်မြေဒေသရှိ သဘာဝသယံဇာတများရယူလိုမှုဖြင့် စီးပွားရေးအကျိုးအမြတ်ပေါ်မူတည်၍ ဆောင်ရွက်နေကြကြောင်း၊ တိုင်းရင်းသားများ၏ နိုင်ငံရေးလိုလားချက် ဆန္ဒများအပေါ် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ ပဋိပက္ခများဖြစ်ပွားနေသည့် ဒေသများတွင် ပဋိပက္ခဒဏ်ခံစားနေရသူများမှာ အနာဂတ်နိုင်ငံတော်အတွက် လူသားအရင်းအနှီးများဖြစ်သော အမျိုးသမီး၊ ကလေးသူငယ်များအပါအဝင် ပြည်သူများသာဖြစ်ကြောင်း၊ ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) ဒေသတွင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးနေကြောင်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိမှသာ လူမှုဘဝရပ်တည်ရေး၊ ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ SNUC/SNA အဖွဲ့သည် ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းဖြစ်သဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်က SNUC/SNA အနေဖြင့် ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်နေသည့်အဖွဲ့ဖြစ်ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ပါဝင်ခွင့်ရသဖြင့် ဝမ်းသာဂုဏ်ယူပါကြောင်း၊ မိမိတို့အဖွဲ့၏ အားနည်းချက်များအပေါ် လက်တွဲခေါ်ဆောင်ပေးသွားရန် တင်ပြလိုကြောင်း၊ ရှေ့ဆက်ပြီး နိုင်ငံတော်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာသူများက ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ (NSPNC)နှင့် စတုတ္ထအကြိမ် တရားဝင်တွေ့ဆုံဆွေးနွေးမှုအပေါ် ပြန်လည်သုံးသပ်ချက်နှင့် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကတိပြုချက် (မူကြမ်း) အား စိစစ်သုံးသပ်အတည်ပြုနိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာလိုအပ်ချက်များနှင့် တရားဝင် ကုန်သွယ်မှု၊ ထုတ်လုပ်မှုလုပ်ငန်းများဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီအား နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုရေး၊ တပ်ပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) လူမျိုးများ၏ သမိုင်းကြောင်းအရ ပျံ့နှံ့နေထိုင်မှု၊ မှတ်ပုံတင်အရ လူမျိုးအမည်အသုံးအနှုန်း၊ ဒေသအသိအမှတ်ပြုလိုမှုတို့နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်သို့ တင်ပြဆောင်ရွက်နိုင်မည့်အခြေအနေများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်သဘောတူညီထားသည့် **“ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကတိပြုချက်”** အား လက်မှတ်ရေးထိုးကြပြီး နှစ်ဖက်ခေါင်းဆောင်များက အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများ ညီညွတ်ရေးကောင်စီနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့မှုများတွင် ဆွေးနွေးတင်ပြခဲ့သော ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ NCA အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ၊ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ခြင်းဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# လူမှုကွန်ရက်ပေါ်တွင် တပ်မတော်သားတစ်ဦးကဲ့သို့ အယောင်ဆောင်ကာ ပြည်သူ့စစ်မှုထမ်းများ ပြန်လည်ထုတ်ပေးနိုင်ကြောင်း လိမ်လည်ဖော်ပြ၍ ငွေကြေးလိမ်လည်နေသူများအား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များ၏ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ ထိုသို့ ထုတ်ပြန် ကြေညာထားသော်လည်း တပ်မတော်၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် ရည်ရွယ်၍ လူမှုကွန်ရက်ပေါ်တွင် တပ်မတော်သားတစ်ဦးကဲ့သို့ အယောင်ဆောင်ပြီး “ပြည်သူ့စစ်မှုထမ်းများအား ပြန်လည် ထုတ်ပေးနိုင်ကြောင်း” လိမ်လည်ဖော်ပြကာ ငွေကြေးလိမ်လည်မှုများ ကျူးလွန်လျက်ရှိသည့်အတွက် ပြည်သူအချို့အနေဖြင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ သိရှိရသည်။

အဆိုပါ ငွေကြေးလိမ်လည်သူများအား ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၃ ရက်တွင် “ဗိုလ်ကြီး သူရဇော်” နှင့် “ဗိုလ်ကြီး” TikTok Account တို့ဖြင့် ငွေကြေးလိမ်လည်သူ တိုးလှိုင်ဝင်းအား တောင်ငူမြို့၌လည်းကောင်း၊ စက်တင်ဘာလ ၁၇ ရက်တွင် “မင်းကိုကို” TikTok Account ဖြင့် ငွေကြေးလိမ်လည်သူ စိုးသူရအောင်အား ရွှေကျင်မြို့နယ်ရှိ ၎င်း၏ နေအိမ်၌လည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်တွင် “ဗိုလ်ကြီး ထက်ကောင်းနိုင်” TikTok Account ဖြင့် ငွေကြေး လိမ်လည်သူ နိုင်လင်းဦးအား မြောင်းမြမြို့၌ လည်းကောင်း စုစုပေါင်း တရားခံ ၃ ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအား စိစစ်ဖော်ထုတ်ချက်များအရ တိုးလှိုင်ဝင်း၊ စိုးသူရအောင်နှင့် နိုင်လင်းဦးတို့သည် လူမှုကွန်ရက်အကောင့်အတုများဖြင့် တပ်မတော်သားတစ်ဦးကဲ့သို့ အယောင်ဆောင်ကာ လူမှုကွန်ရက်ပေါ်၌ တွေ့ရှိရသော တပ်မတော်အရာရှိများ၏ ဓာတ်ပုံများနှင့် ရုပ်သံဖိုင်များအား ၎င်းတို့၏ လူမှုကွန်ရက်အကောင့်အတုများတွင် ပြန်လည်အသုံးပြုဖော်ပြပြီး ပြည်သူ့စစ်မှုထမ်းများအား ပြန်လည်ထုတ်ပေးနိုင်ကြောင်း လိမ်လည်ဖော်ပြ၍ ၎င်းတို့ထံသို့ ဆက်သွယ်လာသူများအား ယုံကြည်အောင် လိမ်လည်ပြောဆိုကာ ငွေကြေးလိမ်လည်မှုများ ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ၎င်းတို့ ၃ ဦးအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မိဘပြည်သူများ အနေဖြင့် တပ်မတော်၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် တပ်မတော်သားတစ်ဦးကဲ့သို့ အယောင်ဆောင်ကာ ပြည်သူ့စစ်မှုထမ်းများ ပြန်လည် ထုတ်ပေးနိုင်ကြောင်း ဖော်ပြ၍ ငွေကြေးလိမ်လည်နေသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်းနှင့် ထိုကဲ့သို့ ငွေကြေးလိမ်လည်နေသူများအား ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)




ဖမ်းဆီးရမိတရားခံ “ဗိုလ်ကြီး ထက်ကောင်းနိုင်” TikTok Account ဖြင့် ငွေကြေးလိမ်လည်သူ နိုင်လင်းဦး၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိတရားခံ “ဗိုလ်ကြီး သူရဇော်” နှင့် “ဗိုလ်ကြီး” TikTok Account တို့ဖြင့် ငွေကြေးလိမ်လည်သူ တိုးလှိုင်ဝင်း၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိတရားခံ “မင်းကိုကို” TikTok Account ဖြင့် ငွေကြေးလိမ်လည်သူ စိုးသူရအောင်၏ မှတ်တမ်းဓာတ်ပုံ။

# ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအဖွဲ့ဝင် ၁၀ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်



**နေပြည်တော် အောက်တိုဘာ ၉** တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter-Terrorism Operation) များတွင် အောင်မြင်မှုများ ရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည် ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာ နယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များထံ လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိရာ PDF အမည်ခံအဖွဲ့ဝင် အမျိုးသားကိုးဦးနှင့် အမျိုးသမီး တစ်ဦး၊ စုစုပေါင်း ၁၀ ဦးတို့သည် လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဥပဒေ အကြောင်းအရာများအား ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် AK-47 သေနတ် တစ်လက်၊ လက်လုပ်သေနတ် သုံးလက်၊ ပစ္စတိုသေနတ် တစ်လက်၊ ခြောက်လုံးပြူးသေနတ် တစ်လက်၊ လက်ပစ်ဗုံး ငါးလုံး၊ စကားပြောစက် ငါးလုံးတို့အား လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် တိုင်းမှူးက မောင်းပြန်ရိုင်ဖယ် တစ်လက်အတွက် ငွေကျပ် သိန်း ၅၀၊ လက်လုပ် သေနတ်သုံးလက်အတွက် ငွေကျပ်သိန်း ၉၀၊ ပစ္စတိုသေနတ် ၁လက်အတွက် ငွေကျပ်သိန်း ၂၀၊ ခြောက်လုံးပြူးသေနတ်တစ်လက်အတွက် ငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံး ငါးလုံးအတွက် ငွေကျပ် ၁၅ သိန်း၊ စကားပြောစက် ငါးလုံးအတွက် ငွေကျပ် ၁၀ သိန်း၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူ ၁၀ ဦးအတွက် တစ်ဦးလျှင် ၅၀၀၀၀ကျပ်နှုန်းဖြင့် ငွေကျပ် ၅ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၂၁၀ နှင့် လက်ဆောင်ပစ္စည်းများ အားပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ အင်းစိန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ အမျိုးသား တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ဟိုင်းကြီးကျွန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ မွန်ပြည်နယ် ပေါင်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ဘီးလင်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ သထုံမြို့နယ်မှ အမျိုးသား တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်မှ အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၀ ဦးတို့ ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် **PDF အမည်ခံ အဖွဲ့ဝင်**များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိသဖြင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ များစွာ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ထိုင်းနိုင်ငံသားလေးဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၂ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၉** ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ထိုင်းနိုင်ငံသား လေးဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၂ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးတို့၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဦးစီးအရာရှိ ဦးကောင်းမြတ်ကျော်နှင့်တာဝန်ရှိသူများက ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဌာနမှ Deputy Inspector Pol. Capt Kiattisak Jeefu နှင့် တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများနှင့်အတူ စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသားတစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး၊ ယူဂန်ဒါနိုင်ငံသား နှစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား သုံးဦး၊ အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ ပါကစ္စတန်နိုင်ငံသား သုံးဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား လေးဦးနှင့် အိန္ဒိယနိုင်ငံသား ငါးဦး၊ စုစုပေါင်းပြည်ပနိုင်ငံသား ၂၂ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၀၈၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၀၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၄၈၅ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၂၂ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်ကစား

## ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေ ၁၄ ခု၊ ငွေ ၁၉ ခု၊ ကြေး ကိုးခုဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းမှ စုပေါင်းတံခွန်စိုက်ဒိုင်းရရှိ



**နေပြည်တော် အောက်တိုဘာ ၉**

တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများကို လက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တာဝန်ရှိသူများ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ လေးယောက်လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ လေးယောက်လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အသင်းလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ အသင်းလိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စံချိန်ချိုးဆု၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို ရွှေခုနစ်ခု၊ ငွေငါးခု၊ ကြေးသုံးခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုကို ရွှေ ၁၂ ခု၊ ငွေခြောက်ခု၊ ကြေးခြောက်ခုရရှိသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့အား တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဒိုင်းဆုများအား ချီးမြှင့်ကြပြီး အမျိုးသား/ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုကို ရွှေ ၁၄ ခု၊ ငွေ ၁၉ ခု၊ ကြေး ကိုးခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ( ကိုယ်စား) တာဝန်ရှိသူတစ်ဦးက စုပေါင်းတံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့်ငွေသားဆုများ ချီးမြှင့်ပေးအပ်သည်။

အလားတူ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံးဝင်းအတွင်းရှိ စံပယ် (၆)အားကစားရုံ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အလွတ်တန်း လေးယောက်တွဲအဖွဲ့လိုက် ဗိုလ်လုပွဲပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အသက်(၂၅)နှစ်အောက် နှစ်ယောက်တွဲအဖွဲ့လိုက်၊ သုံးယောက်တွဲအဖွဲ့လိုက်၊ အလွတ်တန်း နှစ်ယောက်တွဲ၊ သုံးယောက်တွဲ/ လေးယောက်တွဲအဖွဲ့လိုက်၊ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းရရှိသည့် အသင်းများအား တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) တာဝန်ရှိသူတစ်ဦးက စွယ်စုံတံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ပေးအပ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(B)၌ အမျိုးသား/အမျိုးသမီး ကွာတားအဆင့် ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်း ပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသားဗန်တို အတိုက် (ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက် (ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက် အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက်အတိုက်(က)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားတစ်လက် အတိုက် (က)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားလေးယောက်အတွဲတိုက် စွမ်းရည်ပြပြိုင်ပွဲများ၊ အမျိုးသားငါးယောက် အတွဲတိုက် စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂)၌ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) ကရာတေးပြိုင်ပွဲကို ကီလိုတန်းအလိုက် လူသစ်တန်း၊ အကြီးတန်း ကုမိတဲ့ပြိုင်ပွဲ ပွဲစဉ်များ အသီးသီးယှဉ်ပြိုင်ကစားကြသည်။

(၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်း နှင့် (က)အဆင့် အကြိုဗိုလ်လုပွဲစဉ်များကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေး နှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျထပ်မံဖြိုချ ဖျက်ဆီးခြင်းများကို အောက်တိုဘာ ၆ ရက်နေ့မှစ၍ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ငါးထပ်အဆောက်အအုံ တစ်လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၈၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ခြောက်ထပ်အဆောက်အအုံတစ်လုံးကိုလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေး အတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု နေရာပြမြေပုံ။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

❍ *ကျောဖုံးမှ*

မွန်းလွဲပိုင်းပွဲစဉ်များအဖြစ် မွန်းလွဲ ၁ နာရီတွင် JV FC နှင့် ရွှေပြည်သာယူနိုက်တက်၊ ၂ နာရီခွဲတွင် ULAD FC နှင့် Gold Dream အသင်း၊ ညနေ ၄ နာရီတွင် YCDC Dream Team အသင်းနှင့် Burmese Warriors အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အပတ်စဉ်(၁၃) ပွဲစဉ်များအပြီးတွင် Pacific Sun Far FC အဆင့်(၁)၊ MIU FC အဆင့်(၂)၊ YRG FC အဆင့်(၃)၊ ULAD FC အဆင့်(၄)၊ YCDC Dream Team အဆင့်(၅)၊ Gold Dream FC အဆင့်(၆)၊ JV FC အဆင့်(၇)၊ Royal Noka FC အဆင့်(၈)၊ United City FC အဆင့်(၉)၊ ရွှေပြည်သာယူနိုက်တက် အဆင့် (၁၀)၊ မင်္ဂလာဒုံ FC အဆင့်(၁၁)နှင့် Burmese Warriors FC အသင်းက အဆင့်(၁၂)နေရာတွင် ရပ်တည်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

## ရေကြည်မြို့နယ်၌ အချိန်မီပြန်လည်ထွန်ယက်စိုက်ပျိုးမည့် တောင်သူများအား ဒီဇယ်ဆီ ထောက်ပံ့

**ရေကြည် အောက်တိုဘာ ၉**

ရေကြည်မြို့နယ်တွင် ၂၀၂၆-၂၀၂၇ မိုးစပါး ရေကြီးနစ်မြုပ်ပျက်စီးသွား



သော လယ်မြေများ စပါးပြန်လည်စိုက်ပျိုးမည့် တောင်သူများအား စက်များဖြင့် ထွန်ယက်အသုံးပြုနိုင်ရန် ဒီဇယ်ဆီများ ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၆ ရက်က စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၇) စက်မှုလယ်ယာစခန်း ရေကြည်မြို့နယ်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်၊ တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပြီး တောင်သူများအား ဒီဇယ်ဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပန်းတောင်း အောက်တိုဘာ ၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ပန်းတောင်းမြို့နယ် နတ်မောက်၊ ညောင်ပင်ကုန်း၊ ရေမနောက်ကျေးရွာများတွင် ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူလုပ်အား ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးသန်းဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး



ဦးစီးဌာန ဦးစီးမှူး ဒေါ်မေနှင်းဦးနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။ **လပြည့်လင်း(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ကျိုက်လတ် အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် သီးထပ်စွမ်းအားမြှင့်တင်ရေး စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင်



ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၆ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ စတင်ထုတ်ချေးပေးရာ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်နွယ်နွယ်ဝင်းက ချေးငွေပြန်လည်ပေးဆပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာအုပ်စုသုံးအုပ်စုရှိ တောင်သူ ၁၀၂ ဦး၊ စိုက်ဧက ၇၇၅ ဧကအတွက် ချေးငွေကျပ် ၂၃၂၅ သိန်းကို ထုတ်ချေးပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ်အတွက် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၈၃ အုပ်စု၊ တောင်သူ ၅၅၀၀၊ ချေးငွေကျပ် သိန်း ၁၁၅၈၅၀ ကို တောင်သူများထံ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

## ရေချိုးမြို့နယ် မကျီးတောကျေးရွာ၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရေချိုး အောက်တိုဘာ ၉**

ရေချိုးမြို့နယ် မကျီးတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၅ ရက်က အယ်လ်နီညိုရာသီဥတုအကြောင်း သိကောင်းစရာနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ရာ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသူရက အယ်လ်နီညိုရာသီဥတုအကြောင်းအရာနှင့် ရပ်ရွာရေအရင်းအမြစ်များ စစ်ဆေး၍ ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ အပူဒဏ်နှင့် ရေအခက်အခဲကြုံတွေ့မှုရှိနိုင်ပြီး ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးနှင့် အခြားဝန်ဆောင်မှုများ မပြတ်တောက်စေရေး ဆောင်ရွက်သွားကြရန် အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်



ရှိသူများက ဒေသဖွံ့ဖြိုးရေး၊ နယ်မြေတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအလေးထား ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ပြည်မြို့နယ်၌ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းနိုင်လင်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၇ ရက်က စားအုန်းဆီအရောင်းဆိုင်များသို့ စားသုံးဆီများ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ/မရှိ၊ အိမ်ထောင်စုများသို့ ဆီစာအုပ်များဖြင့် စနစ်တကျရောင်းချပေးမှု ရှိ/မရှိနှင့် အလေးချိန်မှန်ကန်စွာ ရောင်းချမှု ရှိ/မရှိ စစ်ဆေးစဉ်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



သာစည်မြို့နယ်၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် ဌာနဆိုင်ရာများက အောက်တိုဘာ ၇ ရက်တွင် မြို့ပေါ်လူစည်ကားရာ နေရာများ၌ ဆောင်ရွက်စဉ်။

ထွန်းထွန်း(သာစည်)



## တမူးမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ဟောပြော

**တမူး အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ရှိပြည်သူ့ဝန်ဆောင်မှုရုံး၌ အောက်တိုဘာ ၅ ရက်က ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၈၀ တို့အား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ဥပဒေအကြောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းဟောပြောကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ဌာနတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရတနာ(တမူး)**



## ကျိုက်မရောမြို့နယ်၌ မလေးရှားနိုင်ငံမှ နေရပ်ပြန် ၂၁ ဦးအား မိဘများထံ လွှဲပြောင်းအပ်နှံ

**ကျိုက်မရော အောက်တိုဘာ ၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ကျိုက်မရောမြို့နယ်အတွင်းမှ နေရပ်ပြန် ၂၁ ဦးတို့အား မိဘများထံ လွှဲပြောင်းပေးအပ်ခြင်းကို အောက်တိုဘာ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူး ကျော်ကျော်နိုင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းရည်ထက်နှင့် တာဝန်ရှိသူများက PS MS စစ်ဆေးမှုနှင့် UID ကတ်များကို ပြုလုပ်ပေး၍ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် မိဘဆွေမျိုးများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



## ပုဗ္ဗသီရိမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (၁၁)ကြိမ်မြောက် ထုတ်ချေးခြင်းကို အောက်တိုဘာ ၇ ရက်က ကြိမ်တောမြောင်ကျေးရွာ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြိမ်တောမြောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၁၉၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၂၄၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၂ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ခြောက်သိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅၈ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နေဘ်လူး**

❖ *ကျောဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးရဲမြင့်ထွန်း၊ ဦးသန်းမောင်၊ ဒေါက်တာ သက်သက်ဇင်၊ ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်၊ ဒေါ်စန်းစန်းနွယ်၊ ဦးရဲတင့်၊ ဦးညီညီ၊ ဒေါက်တာသန့်ဇော်လွင်၊ အားကစားရေးရာ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။




ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး (မီတာ ၁၀၀၊ မီတာ ၁၅၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ သုံးဆင့်ခုန်၊ လုံတံပစ်)ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ၊ အမျိုးသား လုံတံပစ်ပြိုင်ပွဲနှင့် အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့သူများ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့သူများကို ညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း၊ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်က လည်းကောင်း၊ အမျိုးသား မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း၊ အမျိုးသား မီတာ ၁၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လည်းကောင်း၊ အမျိုးသမီး မီတာ ၄၀၀x ၄ လက်ဆင့်ကမ်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဦးကျော်ထင်က လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသား မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့သူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြိုင်ပွဲတစ်လျှောက်ရမှတ် ၉၂ မှတ်ဖြင့် အမျိုးသမီး တံခွန်စိုက်ဆုဖလား ရရှိခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်ကလည်းကောင်း၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ၂၀၀၆ ခုနှစ် ကချင်ပြည်နယ်အသင်းမှ ဒီရဲဝူ၏ စံချိန် ၁၄.၄၃ မီတာထက် သာလွန်၍ စံချိန် ၁၄.၅၄ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် ရှမ်းပြည်နယ်အသင်းမှ ဟိန်းသူရမိုးနှင့် ပြိုင်ပွဲတစ်လျှောက် ရမှတ် ၇၇ မှတ်ဖြင့် အမျိုးသား တံခွန်စိုက်ဆုဖလား ရရှိခဲ့သည့်မန္တလေးတိုင်းဒေသကြီး အသင်းတို့ကိုပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က လည်းကောင်း ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲတစ်လျှောက် ရမှတ် ၁၅၃ မှတ်ဖြင့် စုပေါင်းတံခွန်စိုက် ဆုဖလားရရှိခဲ့သည့် ရှမ်းပြည်နယ်အသင်းကို ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ စုပေါင်းတံခွန်စိုက်ဆုဖလားအား ပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း အမှတ် (၁)တို့၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်းအင်အား ၃၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

ယှဉ်ပြိုင်ခဲ့သည့် ဒုတိယနေ့ပွဲစဉ်တွင် တရုတ်-ဟောင်ကောင်အသင်းက ဂူအမ်အသင်းကို ပွဲချိန် ၈ မိနစ်နှင့် ၄၅ မိနစ်တွင် Chua Sophia က လည်းကောင်း၊ ၁၀ နှင့် ၆၄ မိနစ်တွင် Cheung Ching Yan က လည်းကောင်း၊ ၃၄ မိနစ်တွင် Cheng Siu Ying ၊ ၄၂ မိနစ်တွင် Chau Tsz Yuet၊ ၈၅ မိနစ်တွင် Leung Danielle Lok Yu နှင့် ပွဲချိန် ၈၉၊ ၉၀ မိနစ်တို့တွင် Chow Pui Kei တို့က အသီးသီးသွင်းယူပေးခဲ့ကာ ဂူအမ်အသင်းကို ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အုပ်စုတွင်း ရမှတ်တူညီနေသည့် မြန်မာအသင်းနှင့် တရုတ်-ဟောင်ကောင် အသင်းတို့၏ နောက်ဆုံးအုပ်စု ပွဲစဉ်သည် အုပ်စုပထမနေရာနှင့် အာရှဖလား နောက်ဆုံးအဆင့်သို့ တက်ရောက်နိုင်ရန် အဆုံးအဖြတ်ပေးမည့် အကြိတ်အနယ် ယှဉ်ပြိုင်ကြမည့် ပွဲစဉ်တစ်ပွဲ ဖြစ်လာမည် ဖြစ်သည်။

**နေမျိုး**
**ဓာတ်ပုံ-MFF**

---

❁ *ကျောဖုံးမှ*

ဥသျှစ်ပင်-မြန်အောင် ဓာတ်အားလိုင်းတို့တွင် မလိုလားအပ်သည့် ဓာတ်အားပြတ်တောက်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း မြန်အောင်၊ ကနောင်၊ ကြံခင်း၊ ဘက်ရဲ၊ အင်္ဂပူ၊ ထူးကြီး၊ မဲဇလီကုန်း၊ ကံမ၊ မင်းတုန်းနှင့် ပန်းတောင်းမြို့များတွင် ယာယီဓာတ်အား




ပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့ဧရိယာများသို့ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသော ဓာတ်အားလိုင်းဖြစ်သည့် ၂၃၀ ကေဗွီ ကမာနတ်-စစ်တောင်း-သထုံ ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၃၄၊ ၁၈၉၊ ၂၀၁၊ ၂၁၉၊ ၂၂၆ နှင့် ၂၇၉) တို့တွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ကျိုက်ထိုမြို့၊ သိမ်ဇရပ်မြို့နှင့် ဆောင်နိုင်ကြီးရွာများတွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်သည်။

ထို့အတူ ကရင်ပြည်နယ် ဘားအံမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အားလိုင်း ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ၂၃၀/၆၆/၁၁ ကေဗွီ ဘားအံပင်မ ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဘားအံဖီဒါ(၃) နှင့်(၄ )ကို အောက်တိုဘာ ၁၀ ရက် နံနက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါဖီဒါများမှ ဓာတ်အားဖြန့်ဖြူးပေးထားသော အရေးကြီးနေရာများနှင့် ကျေးရွာအချို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည် ဖြစ်ပါသဖြင့် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူအများပြည်သူများကို ကြိုတင်ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ကော့ကရိတ်၌ အခမ်းအနားမှူးသင်တန်းဆင်းပွဲ ကျင်းပ

**ကော့ကရိတ် အောက်တိုဘာ ၉**

ကော့ကရိတ်မြို့နယ်၌ ဖွင့်လှစ်သည့် အခမ်းအနားမှူး သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းတွင် ဆုရရှိသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သင်တန်းနည်းပြအဖြစ် နှစ်ရက်တာ ပို့ချဆွေးနွေးပြီး သင်တန်းသူ ၃၃ ဦး တက်ရောက်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



---

## ပုသိမ်ကြီးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ဆင့်ပွားသင်တန်းဖွင့်

**ပုသိမ်ကြီး အောက်တိုဘာ ၉**

ပုသိမ်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူနိုင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပရာ မြို့နယ်တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ထိန်တို့က တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ရပ်ကွက်၊ ကျေးရွာ ၅၈ အုပ်စုမှ အုပ်ချုပ် ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**ရွှေရန်ကင်း**



---

✧ *ကျောဖုံးမှ*

ပွဲချိန် ၁၈ မိနစ်တွင် သီဟဇော်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် အား/ကာသိပ္ပံအသင်းက ချေပဂိုးရရှိရေး ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၅၈ မိနစ်တွင် နိုင်လင်းဖြိုးနှင့် ၆၂ မိနစ်တွင် စောစေးကပေါစေးတို့၏ သွင်းဂိုးများဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ပွဲပြီးခါနီး နာကျင်အချိန်ပို (၉၀+၂) မိနစ်တွင် ဒဂုံစတားယူနိုက်တက်အသင်းအတွက် နောက်ကျချေပဂိုးကို ရဲရင့်ဖြိုးက သွင်းယူပေးခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျကာ တစ်မှတ်စီခွဲယူခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay Player of the match ဆုကို အား/ကာသိပ္ပံအသင်းမှ နောက်ခံလူ မိုးဆွေအောင်က ရရှိခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် စစ်ကိုင်းယူနိုက်တက်နှင့် ချင်းလန်းအသင်းပွဲစဉ်တွင် စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၅ မိနစ်တွင် ရာဇာအောင်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် ချင်းလန်းအသင်းအတွက် ချေပဂိုးကို အာနန်ဖိလစ်က ပြန်လည်သွင်းယူပေးခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay Player of the match ဆုကို စစ်ကိုင်းယူနိုက်တက်ဂိုးသမား အောင်ကိုလတ်က ရရှိခဲ့သည်။

M League 2026-2027 ပြိုင်ပွဲ အပတ်စဉ်(၃) ဒုတိယနေ့ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၀ ရက်တွင် ကျောက်တိုင်ကွင်း၌ ရှောဝတီယူနိုက်တက်နှင့် သစ္စာအားမာန်အသင်း၊ သီဟဒီပကွင်း၌ မြဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-ML**

---

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**



## တောင်တွင်းကြီး၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၉**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယမန်နေ့က တောင်တွင်းကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (မိုးထိ)၌ ကျင်းပရာ အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်းဆွေးနွေးပွဲတွင် စာရေးဆရာ နန္ဒာသိန်းဇံ၏ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်းစာအုပ်ဖြင့် ဆွေးနွေးခဲ့ပြီး ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## တံတားဦးမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး

**တံတားဦး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကဦးဆောင်၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲလာပြီး ပြည်သူများအနေဖြင့် အပူဒဏ်ကို သတိပြုကာကွယ်ရန်အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက မြို့အဝင်ဆိုင်းဘုတ်အနီးနှင့် စည်ပင်သာယာမြို့မဈေးတို့၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များက အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်မည့် ရောဂါလက္ခဏာအခြေအနေများ၊ ဆောင်ရန်၊ ရှောင်ရန်များ ပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကိုဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**



## တမူးမြို့နယ်၌ ဓာတုဆေးပါသည့်အစားအသောက်များ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**တမူး အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်း ဒေသကြီး တမူးမြို့ မြို့မရပ်ကွက်၊ စန္ဒကူးရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ စော်ဘွားရပ်ကွက်နှင့် ဟဲဇင်းကျေးရွာတို့ရှိ နေအိမ် ၅၆၀ နှင့် အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့်



ဘေးအန္တရာယ် ဖြစ်စေမည့် ဓာတုဆေးများပါသည့် အစားအသောက်များ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ အဖွဲ့ ငါးဖွဲ့ခွဲကာ ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရတနာ(တမူး)**

## ကျိုက်မရောမြို့နယ်၌ အပူရှောင်စခန်း ၁၅ ခု ဖွင့်လှစ်သွားမည်

**ကျိုက်မရော အောက်တိုဘာ ၉**

ကျိုက်မရောမြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူး ကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူးက အယ်လ်နီညိုဖြစ်စဉ်နှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် အပူချိန်များ မြင့်တက်လာမည်ဖြစ်၍ ကျိုက်မရောမြို့နယ်၌ အပူရှောင်စခန်း ၁၅ ခု ဖွင့်လှစ်သွားမည်ဖြစ်ရာ အဆိုပါ အပူရှောင်စခန်းများ၌နေရာထိုင်ခင်းများ၊ အသင့်စား စားသောက်ကုန်များ၊ သောက်သုံးရေများ စုဆောင်းထားရှိမည်ဖြစ်ပြီး မြို့နယ်ပြန်ဆက်နှင့် ပူးပေါင်း၍ စာအုပ်စာပေများ ထားရှိနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်၊ ကျေးရွာအုပ်စုများအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ထိခိုက်ပျက်စီးမှုမရှိစေရေး ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။ **ကျိုက်မရော(ပြန်/ဆက်)**



## မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို) အလုပ်အမှုဆောင်အဖြစ်ရွေးချယ်ခံရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ အခြေခံစည်းမျဉ်း (၂၀၁၈)၊ အခန်း (၉)၊ **အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း၊** အပိုဒ် ၂၀၊ အပိုဒ်ခွဲ (က) အရ အလုပ်အမှုဆောင် အဖွဲ့သစ်ကိုဖွဲ့စည်းရန် အဖွဲ့ဝင်(၁၈)ဦးကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် အောက်ပါတို့ကို အသိပေးကြေညာအပ်ပါသည်-

၁။ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ **(၁၆) ကြိမ်မြောက် ညီလာခံ**ကို ၂၀၂၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် နှင့် ၇ ရက်တွင် မန္တလေးမြို့၊ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ထိုညီလာခံတွင် အလုပ်အမှုဆောင်အဖွဲ့သစ် (၂၀၂၇-၂၀၂၉ ခုနှစ် သက်တမ်း) ရွေးချယ်တင်မြှောက်ခြင်းကိုပါ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရန် ဆန္ဒရှိသော **အသင်းဝင်တိရစ္ဆာန်ဆေးကုဆရာဝန်**သည် အောက်ပါအချက်များနှင့် ညီညွတ်ပါက မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာ ဝန်များအသင်းကထုတ်ပေးမည့် **အလုပ်အမှုဆောင်လောင်းအမည်စာရင်းတင်သွင်းလွှာ** တွင် ပြည့်စုံ မှန်ကန်စွာ ဖော်ပြပြီး ကိုယ်တိုင်လက်မှတ်ရေးထိုး၍ အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ရေးကော်မတီသို့ တင်သွင်းနိုင်ပါသည်-

(က) အသင်းဝင်သက်တမ်း အနည်းဆုံး တစ်ဆက်တည်း (၃) နှစ်ရှိသူဖြစ်ခြင်း။

(ခ) အလုပ်အမှုဆောင်အဖွဲ့တွင် တစ်ဆက်တည်းသက်တမ်း(၃)ကြိမ် အထိ ဆောင်ရွက်ခဲ့သူ မဟုတ်ခြင်း။

(ဂ) လက်ရှိ အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ရေးကော်မတီတွင် ကော်မတီဝင်အဖြစ် ပါဝင်နေသူ မဟုတ်ခြင်း။

(ဃ) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်း မဟုတ်ခြင်း။

(င) မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီဥပဒေအရ သတိပေးခြင်း၊ တိရစ္ဆာန်ဆေးကု ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် သက်တမ်းတိုးပေးရန် ဆိုင်းငံ့ခြင်း ခံထားရသူ မဟုတ်ခြင်း။

(စ) မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းသည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်း ဆိုင်ရာဥပဒေ **ပုဒ်မ ၂၈ ပါ တာဝန်များ**ကို လိုက်နာရသည့်အပြင် **ပုဒ်မ ၃၈ ပါ တားမြစ်ချက်များ**ကို ဖောက်ဖျက်ကျူးလွန်ပါက ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်၍ အလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရန် လျှောက်ထားသော အသင်းဝင်တိရစ္ဆာန် ဆေးကုဆရာဝန်သည်လည်း အဆိုပါတာဝန်များကို လိုက်နာနိုင်သူ၊ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းမရှိသူ ဖြစ်ရန်နှင့် **နည်းဥပဒေ ၆** ပါ အမှုဆောင်အဖွဲ့ဝင် အရည်အချင်းများနှင့် ကိုက်ညီသူဖြစ်ရန် လိုအပ်ခြင်း။

၃။ **အလုပ်အမှုဆောင်လောင်းအမည်စာရင်းတင်သွင်းလွှာပုံစံ**ကို မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း (ဗဟို) တည်ရှိရာ "တတိယထပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ **ဒေါ်ခင်အေးသက်၊ အုပ်ချုပ်ရေးမှူး၊ ဖုန်း-၀၉ ၆၉၅ ၆၆၆ ၆၅၁**"တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ အခမဲ့ ရယူနိုင်ပါသည်။

၄။ **အလုပ်အမှုဆောင်လောင်းအမည်စာရင်းတင်သွင်းလွှာ** ကို မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း (ဗဟို) သို့ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာဖြင့် စာတိုက်မှဖြစ်စေ၊ Email လိပ်စာ <mvaelection@gmail.com>/<myanmarveterinaryassociation@gmail.com> သို့ ဖြစ်စေ **၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ တနင်္လာနေ့၊ ၁၆၃၀ နာရီနောက်ဆုံးထား၍** တင်သွင်းနိုင်ပါသည်။ အချက်အလက် မပြည့်စုံသော၊ သတ်မှတ်နေ့ရက်၊ အချိန်ထက် နောက်ကျ၍ ရောက်ရှိ လာသော အမည်စာရင်းတင်သွင်းလွှာကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ သိရှိလိုသောအချက်များရှိပါက **ဒေါက်တာအုန်းကျော်၊ အဖွဲ့ဝင်၊ အလုပ်အမှုဆောင်ရွေးချယ် တင်မြှောက်ရေးကော်မတီ၊ ဖုန်း-၀၉ ၇၉၉ ၇၈၂ ၇၃၉** Email <ohnkyaw2@gmail.com> သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ရေးကော်မတီ**


### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 65W/57769 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/45165, Zhineng-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမျိုးလတ် ၁၄/ပတန(နိုင်)၁၄၇၆၇၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ (အလက(ခွဲ)၊ တပ်မတော်၊ Grade-9)မှ မမိုးပြည့်ပြည့်ဟန်၏ ဖခင်အမည်မှန်မှာ ဦးကိုမျိုး [၉/ပဗသ(နိုင်)၀၂၃၅၃၃]ဖြစ်ပါကြောင်း။

**ဦးကိုမျိုး**

### ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ (အလက(ခွဲ)၊ တပ်မတော်၊ Grade-9)မှ မနှင်းနုဝါ၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းနိုင်လင်း [၉/ပမန(နိုင်)၁၅၉၆၃၀] ဖြစ်ပါကြောင်း။

**ဦးငြိမ်းနိုင်လင်း**

### ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/45739, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်သက် ၁၄/သလခ(နိုင်)၀၃၉၆၅၀က ဖောင်းကြွနံပါတ်ပြားပျောက်လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည်အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/45739, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်သက် ၁၄/သလခ(နိုင်)၀၃၉၆၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ဖြည့်စွက်ဖတ်ရှုပါရန်

၉-၁၀-၂၀၂၆ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဦးပိုင်အမှတ်(၁) ကြော်ငြာ၌ ဦးရာဇာသိန်းမှ**စက်မှု/စီးပွားမြေငှားဂရန် အမည်ပြောင်းချထားပေးပါရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက** ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/39759, Honda Blade-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်စိုး ၁၄/ပသန(နိုင်)၂၂၀၉၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၆ယ/၁၆၅၉, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစံ ၁၄/ပသန (နိုင်) ၃၅၀၃၃၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

### သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူဝင်း(၁၂/လသန(နိုင်)၀၀၃၈၇၃)၏မိခင် ဒေါ်ခင်လှ ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂-ဘီ)၊ မြေကွက်အမှတ်(၂၁)၊ ဧရိယာ(၀.၄၅၉)ဧကနှင့် မြေကွက်အမှတ်(၂၂)၊ ဧရိယာ(၀.၄၅၉)ဧကရှိ နှစ်(၆၀)ဂရန်မြေနှစ်ကွက်နှင့် လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၆)၊ သိန္နီဟော်နန်းပိုင်မြေမှ မိခင်ဒေါ်ခင်လှ ပိုင်ဆိုင်အကျိုးခံစားနေသည့် မြေတစ်ကေ(၂)ကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၂၁)နေ (ဘ) ဦးဟုတ်လှိုင် ၏သမီး ဒေါ်ကြူကြူဝင်း(၁၂/လသန(နိုင်)၀၀၃၈၇၃ )သည် (၂၁.၇.၂၀၁၅)ရက်စွဲပါ စာချုပ်အရ မိခင်ကြီး ဒေါ်ခင်လှ၏ တရားဝင်အမွေစားအမွေခံကိုတ္တိမသမီးဖြစ်ကာ လွန်ခဲ့သော ၂၀၂၁ ခုနှစ်က မိခင်ကြီး ဒေါ်ခင်လှနှင့် သမီးဖြစ်သူ ဒေါ်ကြူကြူဝင်းတို့ကျန်းမာရေးချို့ယွင်းနေစဉ် အချိန်တွင် မိခင် ဒေါ်ခင်လှ၏မိတ်ဆွေ ဦးစိုင်းနော်ဟန်ဆိုင်(ခေါ်)ဦးအိုက်ပီး ၁၃/လရန(နိုင်)၀၅၅၇၇၀ မှ ရန်ကုန်သို့ လာရောက်ပြီး အထက်ဖော်ပြပါ ရန်ကုန်နှင့် လားရှိုးမြို့တို့ရှိ မြေကွက်များကို အရပ်စာချုပ်ဖြင့်ချုပ်၍လည်းကောင်း၊ မိခင်ဒေါ်ခင်လှကိုလက်ဗွေနှိပ်၍လည်းကောင်း၊ သမီးဖြစ်သူဒေါ်ကြူကြူဝင်းအား လှည့်ဖြားကာ အကာအကွယ်ပြုလုပ်ရန် ဟုပြောဆို၍ အသိသက်သေအဖြစ် လက်မှတ်ထိုးစေခဲ့ပြီး ယင်းစာချုပ်များသည် တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းမရှိသည့်အပြင် ငွေပေးငွေယူပြုလုပ်ခြင်းများလဲမရှိခဲ့သည့် ဟန်ဆောင်စာချုပ်များ ဖြစ်ပါသည်။ သို့ဖြစ်၍ မိခင်ကြီး ဒေါ်ခင်လှမှ အထက်ဖော်ပြပါ ၎င်းအမည်ပေါက် ဂရန်မြေများကို အခြားသူများသို့ တရားဝင် လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်းထားမှုမရှိပါကြောင်း နှင့် မိခင်ကြီးကျန်းမာရေးမကောင်းစဉ် အခွင့်ကောင်းယူ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူဝင်း၏ သဘောဆန္ဒမပါဘဲ ယင်းမြေကွက်များကိုတစ်နည်းနည်းဖြင့် လွှဲပြောင်း၊ ရောင်းချ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း အပါအဝင် အခြားတစ်နည်းနည်းဖြင့် စီမံဆောင်ရွက်ထားခြင်း မပြုလုပ်ရန်နှင့်ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဘက်မှ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသန်းနိုင်ဌေး (LL.B; D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်.၁၀၄၀၈)**
**အမှတ်-37၊ အောင်ရတနာလမ်း၊ စည်/တောင်ပိုင်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့။**
**ဖုန်း-၀၉၄၂၃၆၇၆၉၅၀**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
## (ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ သိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးရန်နှိုးဆော်ခြင်း)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော ရေနံနှင့် ရေနံထွက်ပစ္စည်း သိုလှောင်ခွင့်လိုင်စင်များသည် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေများ၊ နည်းဥပဒေ ၁၁၉ အရ သက်တမ်းကုန်ဆုံးသော နေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုး တင်ပြလျှောက်ထားရန် လိုအပ်ပါသည်။

၂။ ရေနံနှင့် ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးတင်ပြခြင်းကို ၁-၁၁-၂၀၂၆ ရက်မှ ၃၁-၁၂-၂၀၂၆ ရက်အတွင်း လျှောက်ထားကြရန်နှင့် ၃၁-၁၂-၂၀၂၆ ရက် နောက်ပိုင်းတွင် သက်တမ်းတိုးတင်ပြခြင်းအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် ၁-၁-၂၀၂၇ ရက်မှစတင်၍ တစ်ရက်လျှင် သိုလှောင်ခွင့်လိုင်စင်ကြေး၏ ၂ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ၃၁-၁၀-၂၀၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၀၃၇/၂၀၂၃အရ သိုလှောင်ခွင့်လိုင်စင်အား သက်တမ်းကုန်ဆုံးပြီးချိန် နောက်ပိုင်းသက်တမ်းတိုးတင်ပြရန် ၁ နှစ် ပျက်ကွက်ပါက အဆိုပါလိုင်စင်သည် အလိုအလျောက်ပျက်ပြယ်ပြီး စာရင်းမှပယ်ဖျက်သွားမည်ဖြစ်ပါသည်။

၃။ သက်တမ်းတိုးရန်လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြသွားရန် ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်-

(က) သက်တမ်းတိုးလျှောက်လွှာ၊
(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသောသိုလှောင်ခွင့်လိုင်စင် (မူရင်း)၊
(ဂ) ဤဦးစီးဌာနမှ နောက်ဆုံးကွင်းဆင်းစစ်ဆေးခဲ့သည့် ကွင်းဆင်းစစ်ဆေးချက်မှတ်တမ်း(မိတ္တူ)၊
(ဃ) စက်သုံးဆီအရောင်းဆိုင်နှင့် သိုလှောင်ကန်/ သိုလှောင်ရုံများ၏ လက်ရှိအခြေအနေအတိုင်း ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ။

**သတ္တုတွင်းဦးစီးဌာန၊**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၁၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၉၃၇၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ်(၂၁၊မြို့သစ်အနောက်ရပ်)၊ ဦးပိုင်အမှတ်(၁၃၆)၊ မြေဧရိယာ(၀.၀၈၃)ဧကရှိမြေကွက်သည် မူလက ဒေါ်ခင်မြအမည်ဖြင့် (၃၀-၆-၂၀၂၂)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ ဂရန်အမည်ပေါက်သူဒေါ်ခင်မြမှာ (၁၅-၁၀-၂၀၁၂)ရက်တွင် လည်းကောင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူဦးတူးအောင်(ခ)ဦးတိုးအောင်မှာ(၃-၃-၁၉၉၅)ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့တွင် ဦးသက်ဦး၊ ဒေါ်လွင်လွင်အောင်၊ ဒေါ်ပြုံးပြုံးအောင်၊ ဦးမင်းသိန်း၊ ဦးကျော်မိုးအောင်၊ ဒေါ်မင်းမင်းအောင်တို့သားသမီး(၆)ဦးထွန်းကားခဲ့ရာ ၎င်းတို့(၆)ဦးမှ (၁၇-၇-၂၀၂၆)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၄၃၈/၂၀၂၆)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီးဖြစ်သဖြင့် ယခုအခါ ဦးသက်ဦး၊၁/မကန(နိုင်)၀၁၇၉၁၀၊ ဒေါ်လွင်လွင်အောင် ၁/မကန(နိုင်)၀၁၇၄၂၈၊ ဒေါ်ပြုံးပြုံးအောင် ၁/မကန(နိုင်)၀၁၇၉၈၅၊ ဦးမင်းသိန်း၊ ၁/မကန(နိုင်)၀၁၇၉၄၅၊ ဦးကျော်မိုးအောင် ၁/မကန(နိုင်) ၀၀၂၈၄၂၊ ဒေါ်မင်းမင်းအောင် ၁/မကန(နိုင်)၀၀၂၈၄၃ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြော်ငြာစာ ပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့နေ မောင်ယောင်း(ခ)ချစ်ကို (၁၁/အမန(နိုင်) ၁၀၆၄၃၅) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ဦးကျော် သန်း ၏သား ရွှေဝင်း ၇/ပတတ(နိုင်) ၁၁၈၀၆၂ ၏ နိုင်ငံကူးလက်မှတ်(A 193261) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။။

**ဖုန်း-၀၉- ၉၇၆၇၀၂၁၅၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀.၁၁၀)ဧကရှိ ဒေါ်အယ်လုဂျာ(ခ)အေးမြမြချို အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဒေါ်အယ်လုဂျာ(ခ)အေးမြမြချို(ဘ) ဦးလဘန်ယွန်း၁/ကမန(နိုင်)၀၀၅၄၃၄မှ မြေငှားစာချုပ် သက်တမ်းတိုးပေးပါရန် နှစ်(၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူများတင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၆၊အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၉၈)၊ မြေဧရိယာ(၀.၁၈၄) ဧကရှိမြေကွက်သည် မူလကဦးကျော်မင်းထွန်း အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ (၂၅-၃-၂၀၁၇)ရက်တွင် ဦးကျော်မင်းထွန်းထံမှ ဒေါ်ဂျာဘရိမ်က အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ဂျာဘရိမ် ၁/တနန(နိုင်)၀၀၀၁၅၆ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် (၃-၉-၂၀၂၆)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၈၅၃/၂၀၂၆)ကို (၄-၉-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၅၉၅/၂၀၂၆)ပြုဆိုတင်ပြလျက် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံရပ်ကွက်၊ ကွင်းအမှတ်(၂၆၊ ကြက်ပေါင်ခြံရွာမ)၊ ဦးပိုင်အမှတ် (၁၉/၅)၊မြေဧရိယာ(၀.၄၃၉) ဧကရှိမြေကွက်သည် မူလက ဦးကေဝေါလ်ရမ်းအမည်ဖြင့် (၁-၁၂-၂၀၁၇) ရက်အထိမြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဂရန်အမည်ပေါက်သူ ဦးကေဝေါလ်ရမ်းထံမှ ဦးပိုင်(၁၉/၅-က)၊ မြေဧရိယာ(၀.၂၇၇)ဧကအပိုင်းကို ဦးနာရာယမ်းက(၃-၉-၂၀၂၄) ရက်စွဲပါနှစ်ဦးသဘောတူခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါဦးနာရာယမ်း၊ ၁/မကန(နိုင်)၁၃၆၂၅၅အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် (၃-၉-၂၀၂၆) ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၈၅၅/၂၀၂၆)ကို (၄-၉-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၅၉၄/၂၀၂၆)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှု မရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့နေ ဦးဝေယံလင်း (၁/ဟပန(နိုင်)၀၂၃၄၅၃)၏ မိခင် ဒေါ်မြမြထွေး(ခ) ဒေါ်မြထွေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း၊

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နေ ဦးငြိမ်းချမ်းအောင်(၁၂/ခရန(နိုင်) ၁၄၅၁၉၃) ၏ဖခင် ဦးညွန့်(ခ) ဦးမောင်ညွန့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နေ ဦးကောင်းစစ်ဟိန်း (၉/စကတ (နိုင်)၁၄၆၃၅၁)၏ဖခင် ဦးရဲမင်းဟန်(ခ)ဝင်းခိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နေ ဦးဝေးနိုင် (၁၃/မဖန(နိုင်)၀၃၂၇၉၄)၏ ဖခင် ဦးအာဒို(ခ)ဦးအားဒိုနှင့် မိခင် ဒေါ်အားဒေး(ခ)ဒေါ်အားဒွေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၄၊စီတာပူတောင်)၊ ဦးပိုင်အမှတ်(၉)၊ မြေဧရိယာ(၀.၂၃၅)ဧကရှိမြေကွက်အား မူလက ဦးတကောင်းဂမ် အမည်ဖြင့် (၄-၇-၂၀၁၇)ရက်အထိ မြေငှါးဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဦးပိုင်(၉/က)၊ မြေဧရိယာ(၀.၂၀၁)ဧကအပိုင်းကို (၉-၄-၂၀၂၆) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၀၉၉/၂၀၂၆)အရ ဦးတကောင်းဂမ်ထံမှ ဒေါ်နန်ဒွဲအမည်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်နန်ဒွဲ(၁/မကန(နိုင်) ၀၈၈၇၅၇ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 60W/26630 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 44W/26223 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/6723, ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၄၊တပ်ကုန်းမြောက်)၊ ဦးပိုင်အမှတ်(၃၇၄/၃)၊ မြေဧရိယာ(၀.၁၃)ဧကရှိ မြေကွက်သည် ဦးဒေါင်ဇယ်(ခ)ခေါင်ဇေ ၁/ခဖန(နိုင်) ၀၀၀၀၇၆၊ ဒေါ်ဒေါင်နော ၁/ခဖန(နိုင်)၀၀၀၀၉၄(၂)ဦး အမည်ဖြင့် မြို့ မြေခွန်ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဦးခေါင်ဇယ်(ခ)ခေါင်ဇေပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာမှု အပေါ်ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍(၁၅) ရက်ပြည့်မြောက်သည့်ရက် အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/13407, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရန်ကြားရင် ၁၃/လရန(နိုင်)၁၈၇၃၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/43988, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းဖွေး ၉/မဟမ(နိုင်) ၀၆၇၁၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13U/7173, Bajaj-200, 3 Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိန် ၁၂/မဘန(နိုင်)၀၄၃၀၀၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/4846, CHINDWIN GROUP L/T CCD ST -02 , Pick Up ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်ဦး ၉/ခမစ(နိုင်)၀၀၄၄၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/78995, Luojia Dream- 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၁၃/တကန(နိုင်)၂၇၇၆၃၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/84863, Daung-110 ယာဉ်လက်ဝယ်ရှိသူ Thet Htar Zin Trading Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/85691 , Dream -110 ယာဉ်လက်ဝယ်ရှိသူ Thet Hnin Su Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/29386, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင်လင်း ၉/ငဇန (နိုင်)၁၅၂၆၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/30675, Jialing-90 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်အောင် ၉/ခအဇ(နိုင်) ၀၂၅၃၇၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အောင်သီတာရပ်ကွက်၊ အကွက်အမှတ်(၂၆/လုံလေ့ရပ်)၊ ဦးပိုင်အမှတ်(၁၀/င)၊ ဧရိယာ (၀.၂၄၁) ဧက မြေငှားဂရန်အမှတ်တွဲ အမှတ် ၅၅၁-၅/၁၉၉၈-၁၉၉၉(အေ) ဦးဝမ်ချန်းချွင် ၁၃/လရန(နိုင်)၀၅၆၈၈၅ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဦးဝမ်ချန်းချွင်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ရှောက်ဆီး ၁၃/လရန(နိုင်)၀၅၅၄၇၂ မှ စာချုပ်အမှတ်၊၁၅၈IV/၂၀၂၆ ဖြင့် အမွေဆက်ခံခဲ့ပြီးဖြစ်၍ ဒေါ်ရှောက်ဆီးအမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာရာလျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်ရှောက်ဆီး၏ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အောင်သီတာရပ်ကွက်၊ အကွက်အမှတ်(၂၆/လုံလေ့ရပ်)၊ ဦးပိုင်အမှတ်(၁၈/ည-၂၄)၊ ဧရိယာ (၀.၀၄၄)ဧက၊ မြေငှားဂရန်အမှတ်တွဲ အမှတ် ၆၀၅-၅/၂၀၁၄-၂၀၁၅ ဒေါ်ကျင်ခွင်းရီ ၁၃/လရန(နိုင်)၁၀၇၁၁၈ အမည်ပေါက် မြေကွက်အား ဒေါ်ကျင်ခွင်းရီမှ စာချုပ်အမှတ်၊ ၃၂၇I/၂၀၂၆ ဖြင့် ဒေါ်ဟူလန်ရွယ်၊ ၁၃/ကခန(နိုင်)၀၁၁၂၅၅ ထံသို့ ရောင်းချခဲ့ပြီးဖြစ်၍ ဒေါ်ဟူလန်ရွယ်အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူ မရှိပါက ဒေါ်ဟူလန်ရွယ်၏ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အောင်သီတာရပ်ကွက်၊ အကွက်အမှတ်(၁၁-ဃ/မန်ဆူဘုရားကုန်း)၊ ဦးပိုင်အမှတ်(၈၂)၊ ဧရိယာ (၀.၀၈၅)ဧက၊ မြေငှားဂရန်အမှတ်တွဲ အမှတ် ၄၀၃-၅/၁၉၉၇-၁၉၉၈(အေ)၊ ဦးရှားကွမ်ယုံ ၁၃/လရန(နိုင်)၀၆၉၄၈၃ အမည်ပေါက်မြေကွက်အား ဦးရှားကွမ်ယုံမှ စာချုပ်အမှတ်၊၂၆၈I/၂၀၂၆ဖြင့် ဦးမြင့်သိန်း၊ ၁၃/လရန(နိုင်)၁၃၁၉၅၇ ထံသို့ ရောင်းချခဲ့ပြီးဖြစ်၍ ဦးမြင့်သိန်းအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးမြင့်သိန်း၏ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ်(၇၇ᶜ)၊ ဧရိယာ(၀.၀၅၈)ဧကရှိ ဦးကျော်လှိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးကျော်လှိုင် (ဘ)ဦးချောလေး ၉/တကန (နိုင်)၀၁၈၀၁၈ မှ မြေငှားစာချုပ်သက်တမ်းတိုးပေးပါရန် နှစ် (၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများတင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၁၀-၂၀၂၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)ပါ ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်းမှ "ထီနန်းထိုက်ထီဆိုင်" ကုန်အမှတ်တံဆိပ်

ထီနန်းထိုက် ထီဆိုင်

အစား

ထီနန်းထိုက်ထီဆိုင်

အား အတည်ပြု ပြင်ဆင်ဖတ်ရှုပါရန်။

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ အကွက်အမှတ်(၆-က)၊ အကွက်အမည်-လမ်းမကျယ်၊ ဦးပိုင်အမှတ်(၂၅၀-ဇ)၊ဧရိယာ(၀.၀၂၆)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်-နံပါတ်(၁)လမ်း၊ (ခ) အနောက်လားသော် -ဦးပိုင်(၂၅၀-ဈ)၊ (ဂ) တောင်လားသော်-ကန်လမ်း၊ (ဃ) မြောက်လားသော်-ဦးပိုင်(၂၅၀-စ)၊

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန်ဦးတင်ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊တောင်ငူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/76361, Jialing-90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာ (၅/မရန(နိုင်) ၃၅၃၉၃၈) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/8412, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်း ၁၄/ပတန(နိုင်)၀၂၅၆၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၆၁၀၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝေ (၁၀/မလမ(နိုင်)၀၆၆၇၅၆) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၃၇၇၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးစောမိုးအောင် (၃/လဘန(နိုင်)၁၀၆၀၃၂) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/37085, Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီအောင် (၉/မရတ(နိုင်)၁၂၂၄၃၀) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/77497 ယာဉ်လက်ဝယ်ရှိသူ ဦးရီဗီရမ် (၉/မကန(နိုင်)၁၅၇၁၂၅) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## အမည်မှန်

လဲချားမြို့၊ GON ကိုယ်ပိုင် အလယ်တန်းကျောင်း G-3တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုင်းထွန်းဦး(မိ) ဒေါ်နန်းနော်ခေးတို့၏ သမီးဖြစ်သူ မနန်းဖောင်းဖောင်းလျှန်း၏ အမည်မှန်မှာ နန်းနွံစံဖောင်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အမက -တောင်ဇလပ်ကျောင်း မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန်မြ (ခ) ဒေါ်စိန်မြ ၅/ကလဝ(နိုင်) ၀၁၃၃၉၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်စိန်မြ(ခ)ဒေါ်စိန်မြ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/6123, LIFAN LFJ 3053F, TRUCK(4X2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၃/ကလန(နိုင်)၀၆၅၆၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ (အောင်ပန်း)အောင်ပန်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/4392, NISSAN MARCH AK12 HATCH BACK (4x2) (R) ယာဉ်လက်ဝယ်ရှိသူ ဦးဖုန်းပြည့်မာန် (၉/ပဥလ(နိုင်) ၀၈၁၇၃၀) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်(မြို့သစ်)ရပ်ကွက်၊ (၁၉)လမ်းရှိ အကွက်အမှတ်နှင့်အမည်- ၃/၂၄ (နန္ဒဝန်မြို့သစ်)၊ ဦးပိုင်အမှတ်-(၁၉ လမ်း/၁၆)၊ ဧရိယာ (၀. ၁၁၀)ဧက၊ အလျား ပေ(၆၀)x အနံပေ(၈၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးအောင်ချစ် အမည်ပေါက်မြေကွက် ဖြစ်ပြီး အရှေ့လားသော်- ဦးပိုင်အမှတ်- ၁၈၊ အနောက်လားသော်- ဦးပိုင်အမှတ်- ၁၄၊ တောင်လားသော်- ဦးပိုင်အမှတ်- ၁၅၊ (၂၀)လမ်း၊ မြောက်လားသော်- ၁၉ လမ်း စသည့်နယ်လေးရပ်အတွင်းရှိ ဂရန်မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးဆန်းမျိုးလွင်ထံမှ ဒေါ်ရီရီဌေးက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဝယ်ယူထားသော မြေကွက်ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာစာပါရှိသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရီရီဌေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုမာအေး (LL.B),( Advocate) တရားလွှတ်တော်ရှေ့နေ**
**အောင်ချမ်းသာရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း-၀၉-၄၀၀၄၆၉၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ May Grace Aurelia (၁၂/သကတ(နိုင်)၂၃၁၂၁၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ယခင် Youth International Colleage တွင် ပညာသင်ကြားနေသူဖြစ်ပြီး အဆိုပါ ကျောင်းတက်ခဲ့စဉ်ကာလအတွင်း ကျွန်ုပ်မိတ်ဆွေနှင့် ပတ်သက်၍ မဟုတ်မမှန်သောသတင်းများ ကိစ္စရပ်များ ပြောဆိုကာ ကျွန်ုပ်မိတ်ဆွေအား အရှက်တကွဲအကျိုးနည်းဖြစ်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိပြုလုပ် လျက်ရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာနှင့်ပတ်သက်၍ မဟုတ်မမှန်သော သတင်းစကားများ ပြောဆိုခြင်း၊ ဖုန်းဆက်၍နှောင့်ယှက်ခြင်း၊ လူမှုကွန်ယက် (Facebook, Viber, TikTok, Telegram)စသည့် မီဒီယာမျိုးစုံပေါ်တွင် အသရေဖျက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဓာတ်ပုံ၊ ဗီဒီယိုဖြန့်ဝေခြင်း၊ Like/Comment ပေးခြင်း၊ Shareခြင်း စသည့် ပြုလုပ်မှုများ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုံးဝမပြုလုပ်ကြရန် သတိပေးတားမြစ်သည်။ ယခုတားမြစ်ချက်အား လိုက်နာခြင်းမရှိဘဲ ဆက်လက်ကျူးလွန်သူ (သို့) ပါဝင်ပတ်သက်သူ မည်သူမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **May Grace Aurelia ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မေသူသူအောင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၈၂၈)**
**LL.B, DBL(UK), WIPO(SWITZERLAND)**
**တိုက်(၁၅/၃)၊ ဆင်ရေတွင်း(၁)လမ်း၊ ကမာရွတ်မြို့နယ်။ ၀၉-၆၉၀၃၇၇၁၄၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ် (၆၈၁-ဂ)၊ ဦးပိုင်အမှတ် (N-၇၅)၊ မြေဧရိယာ (၅.၅)ဧက အနက်ခွဲစိတ်၍ အကွက်အမှတ် (F-5)အဖြစ် သတ်မှတ်ထားသည့် မြေ အကျယ်အဝန်း ပေ(၆၀x၄၀)အကျယ်ရှိ မြေကွက်နှင့်မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ထပ်အဆောက်အအုံ၊ ရေ၊ မီး အပါအဝင်ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ လက်ရှိထား အသုံးချစီမံခန့်ခွဲပိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား ဒေါ်မြင့်မြင့် မိုးထံမှ ဒေါ်အေးဖြူဖြူမှလည်းကောင်း၊ ဒေါ်အေးအေးဖြူ ထံမှ ဒေါ်ရွှန်းလဲ့လဲ့ဖြူကလည်းကောင်း အရောင်းအဝယ်အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ လက်ရှိ လက်ရောက်ပိုင်ဆိုင်ထားခဲ့ပါသည်။ အဆိုပါလက်ရှိလက်ရောက်စီမံခန့်ခွဲပိုင်ဆိုင်သူ ဒေါ်ရွှန်းလဲ့လဲ့ဖြူမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ မြေကွက်အား ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီး မြေနှင့်အဆောက်အအုံကို လက်ရောက်ရယူထားပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်ဖြိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၅၄/၂၃-၁- ၂၀၁၄)**
**အခန်းအမှတ် (ဘီ - ၁)၊ အမှတ် (၂၅-ဃ) မေခလမ်း၊ ဟော်ကုန်း၊ (၂-ကွက်)၊ ရပ်ကွက်ကြီး (၃)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၃၁၅၅၄၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၆၊အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၁၁၈)၊ မြေဧရိယာ(၀.၁၈၄)ဧကရှိမြေကွက်သည် မူလက ဦးတိန်းဆောင်အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ (၂၅-၃-၂၀၁၇)ရက်တွင် ဦးတိန်းဆောင်ထံမှ ဦးတင်မောင်မြင့်က နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးတင်မောင်မြင့် ၅/မရန(နိုင်)၁၆၅၃၀၃ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ် ရရှိရေးအတွက် (၄-၉-၂၀၂၆)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၈၆၅/၂၀၂၆)ကို (၇ -၉-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၅၉၉/၂၀၂၆)ပြုဆိုတင်ပြလျက် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထား သူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄၊ မိသားရပ်)၊ ဦးပိုင်အမှတ်(၁၇၂/ခ)၊ မြေဧရိယာ(၀.၀၃၇) ဧကရှိမြေကွက်သည် မူလက ဒေါ်ရီရီလွင်မောင်အမည်ဖြင့် (၃၁-၅-၂၀၄၈)ရက် အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဂရန်အမည် ပေါက်သူ ဒေါ်ရီရီလွင်မောင်၏အထူးကိုယ်စားလှယ် ဒေါ်ခင်မူထံမှဒေါ်ထိုက်ရွှေဇင်က(၂၁-၄-၂၀၂၆)ရက်စွဲပါ စာချုပ် မှတ်ပုံတင်အမှတ်(၁၂၄/၂၀၂၆)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်ထိုက်ရွှေဇင် ၁/မကန(နိုင်) ၀၀၅၆၁၅ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/2671 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် **ယခင်**ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အလိုင်နီကျေးရွာအုပ်စု၊ ဆင်တဲကျေးရွာနေ ဦးကျော်အေး (၇/ပခန(နိုင်)၀၅၀၄၀၈)၏အမည်ပေါက် အလိုင်နီကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၇၉)၊ အလိုင်နီကွင်း၊ မြေကွက်အမှတ်(၁၂၀)၊ အကျယ်အဝန်း (ပေ၅၀xပေ၁၀၀)ရှိ မြေကွက်အား ဦးကျော်မျိုးနိုင်(၇/ပခန(နိုင်)၂၈၂၇၄၄) မှ တရားဝင်ပိုင်ဆိုင်ပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူဝင်း (၁၂/မဂဒ(နိုင်)၁၃၃၄၄၀)က အပြီးအပိုင် ဝယ်ယူမည်ဖြစ်ပါသဖြင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အထောက်အထားခိုင်မာစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဒေါ်ဖြူဖြူဝင်း**

**ဒေါ်ဖြူဖြူဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်စုဝင်း အထက်တန်းရှေ့နေ(စဉ်-၄၅၇၃၁)**
**ဖုန်း-၀၉- ၉၆၃၈၂၂၃၁၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/86798, TVS WEGO-110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဖေ ၉/ကပတ(နိုင်)၀၀၀၀၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/12733, Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင့်ဝါဦး ၂/လကန(နိုင်)၀၈၉၆၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)**

## ဦးစောစိုးနိုင်နှင့်အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိခိုင် (၁၃/တကန(နိုင်)၁၃၅၁၅၂)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နဝရတ်လမ်း၊ နယ်မြေ(၁၁)၊ အမှတ်(၃၂၉) နေထိုင်သူမှ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဦးပိုင်အမှတ်-၄၈/၁၇၀၊ အကွက်အမှတ်-၇၈၊ ဦးပိုင်အမှတ်(၁၀၇)၊ ဦးစောစိုးနိုင်-ဒေါ်အိအိခိုင်၊ အမည်ပေါက် နှစ်(၃၀)ဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ် RC တိုက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်နှင့် ဒေါ်အိအိခိုင်နှင့်သားဖြစ်သူ၏ တစ်ကိုယ်သုံးပစ္စည်းများနှင့် အိမ်တွင်း ပရိဘောဂပစ္စည်းများ၊ အိမ်တွင်းပစ္စည်းများအား ဦးစောစိုးနိုင် (၁၃/တကန (နိုင်)၀၀၈၃၈၈)က နေအိမ်တွင် လူမရှိချိန်တွင် ပြန်လည်ဝင်ရောက်နေထိုင်၍ လက်ရှိနေထိုင်စီမံခန့်ခွဲနေကြောင်း သိရှိရပါသည်။ အထက်ပါပစ္စည်းများနှင့် ဦးစောစိုးနိုင် လက်ရှိနေထိုင်သည့် အမှတ်(၁၀၇)၊ ဦးပိုင် အမှတ်(၄၈/၁၇၀)၊ အကွက်အမှတ်(၇၈)၊ ဦးပိုင်အမှတ်(၁၀၇)၊ RC (၁)ထပ်တိုက်၊ ထီဟန်ဆွေးရွာ၊ နဝရတ်လမ်းရှိ ခြံမြေကွက်များနှင့် လက်ထပ်ပွားပစ္စည်းများအားလုံးနှင့် ပတ်သက်၍ ဒေါ်အိအိခိုင်၏ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်း၊ ရောင်းချခြင်း မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒေါ်အိအိခိုင်နှင့် ဦးစောစိုးနိုင်တို့သည်လည်း အိမ်ထောင်ရေးအဆင်မပြေသည့်အလျောက် ကွာရှင်းပြတ်စဲရန်ရှိပြီး၊ နှစ်ဦးပိုင်ပစ္စည်းဖြစ်သည့် ဦးစောစိုးနိုင်၊ ဒေါ်အိအိခိုင် အမည်ပေါက် နှစ် (၃၀) ဂရန် RC (၁) ထပ်တိုက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်တို့အား ရောင်းချ၍ ခွဲဝေယူမည်ဖြစ်ကြောင်း ဦးစောစိုးနိုင်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**မ-၂၈၇၊ နယ်မြေ(၁၀)၊ သီတာလမ်း၊ ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၂၆၃၇၈၂၄၅၀**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 32W/34507 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် **ယခင်** ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၆၈၀၅ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း (၁၀/မလမ(နိုင်)၂၄၇၂၃၁) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/26138, JIALING JL90 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမောင်မောင် (၉/မဟမ(နိုင်)၀၃၈၃၄၀) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/38777, Yin Xiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ပေါ်ထွန်း (၉/တတဥ(နိုင်)၁၀၃၇၀၃) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(၈၅၀၀၀)ဂါလန်၊ Octane-92(၂၀၀၀၀)ဂါလန် နှင့် ပရီမီယမ်ဒီဇယ်ဆီ (၄၅၀၀၀) ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၂၆ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၆-၁၀-၂၀၂၆ ရက်
(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂လမ်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန
(ဃ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်** - ၂၉-၁၀-၂၀၂၆ ရက်
(င) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(စ) တင်ဒါပုံစံဈေးနှုန်းများမှာ - ဒီဇယ်ဆီ ကျပ် ၁၅,၀၀၀/-
Octane-92 ကျပ် ၁၀,၀၀၀/-
ပရီမီယမ်ဒီဇယ်ဆီ ကျပ် ၁၅,၀၀၀/-

၂။တင်ဒါဝင်ရောက်ယှဉ်ပြိုင်သောကုမ္ပဏီအနေဖြင့် စက်သုံးဆီသွင်းကုန်လိုင်စင် Fuel Import License (လိုအပ်ပါက မူရင်းတင်ပြရမည်) တင်ပြနိုင်ရမည့်အပြင် စက်သုံးဆီများအား ပြည်ပမှတိုက်ရိုက်မှာယူတင်သွင်းထားသည့် ကုမ္ပဏီဖြစ်ရပါမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံမော်တော်ယာဉ်ဌာန ဖုန်း- ၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၁၃၁၆၊ ၀၉-၄၄၄၀၁၅၀၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၆

ဦးဝင်းထွန်း နှင့် ဗိုလ်ကြီးစိန်အောင်
**(တရားလို)** **(တရားပြိုင်)**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး-၈ နေ တရားပြိုင် ဗိုလ်ကြီးစိန်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းထွန်းက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရသည်မှာ အထက်ပါဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အထောက်အထား စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(စိုင်းသူဟန်)**

**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

